ကြေးမုံ
*The* **Mirror Daily**
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်း တောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်း များနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ် သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 30 March 2021 ၁၀၃၃၂

# တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆက်လက်လုပ်ဆောင်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် မတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊စစ်သည်၊မိသားစုများအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို အရာရှိ၊ စစ်သည် မိသားစုများ သိရှိစေရန် အနည်းငယ်ပြောကြားလိုကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း၊ နိုင်ငံတကာ၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ချိန်၊ ကပ်ရောဂါကြုံတွေ့ချိန်၊ လုံခြုံရေးအရ ဥပဒေကြောင်းအရ ပိုမိုထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ချိန်များတွင် အရေးပေါ်အခြေအနေကို ကြေညာလေ့ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများနှင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြိုးပမ်းလာမှုများကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးပြုလုပ်ကာ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီး ယာယီသမ္မတက တပ်မတော်ကို ထိန်းသိမ်းဆောင်ရွက်ပေးရန် တာဝန်ပေးအပ်လာခဲ့ခြင်း ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ကြေးမုံ ယနေ့ ဖတ်စရာ

ဒီမိုကရေစီအရေခြုံကာ နိုင်ငံဖျက်ဆီးနေသူများထဲ သင်မပါစေရန် ဂရုပြုပါ ဆောင်းပါး စာမျက်နှာ » ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများ ပြန်လည်ဖွင့်လှစ်မည် စာမျက်နှာ » ၉

ချစ်ခြင်း၊ မုန်းခြင်းကင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သိကောင်းစရာများ (၁) ဆောင်းပါး စာမျက်နှာ » ၁၀

ဒီမိုကရေစီပုံပြင်ဇာတ်လမ်းများ ဆောင်းပါး စာမျက်နှာ » ၁၅

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၂၉

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

❒ ရှေ့ဖုံးမှ

မိမိအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)သို့ ရွေးကောက်ပွဲမတိုင်မီကာလတွင် လာရောက်ခဲ့ပြီး တပ်မတော်သားများ၊ မိသားစုများနှင့် တွေ့ဆုံစဉ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တရားမျှတပြီး ရိုးသားသည့် ရွေးကောက်ပွဲဖြစ်စေလိုကြောင်း၊ မိမိဒေသနှင့် တိုင်းပြည်၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်မဲပေးကြစေလိုပြီး မဲမပေးပါက မိမိတို့၏ သဘောထားနှင့် ကိုက်ညီမှုမရှိသူကိုရရှိမည်ဖြစ်သဖြင့် အားလုံးဆန္ဒမဲပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူအားလုံးလိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ဖော်ဆောင်ပေးခဲ့ကြောင်း၊ တိုင်းပြည်တိုးတက်ကောင်းမွန်ရေးကိုသာ အဓိကလိုလားပြီး မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ အတူတကွလက်တွဲ၍ နိုင်ငံ၏ ကောင်းရာကောင်းကျိုးများကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျော်လွန်လုပ်ဆောင်မှုများ

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမစတင်မီ ကြိုတင်ပြင်ဆင်မှုကာလ၌ နိုင်ငံရေးပါတီများ၏ ပါတီမဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပါတီများ၏ပြောဆိုလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများကို တွေ့ရှိရကြောင်း၊ ထို့ပြင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဆောင်ရွက်၍ မရသော်လည်း COVID-19 ကို အကြောင်းပြ၍ အမိန့်အမျိုးမျိုးထုတ်ပြန်ကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်လုပ်ဆောင်မှုများကို တွေ့ရှိရကြောင်း။

လက်ရှိအချိန်တွင် မဲစာရင်းများစစ်ဆေးခြင်းကို အသစ်ဖွဲ့စည်းထားရှိသည့် ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ရွေးကောက်ပွဲကော်မရှင်မှ ထိပ်ပိုင်းတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းခဲ့ရာတွင်လည်း ၎င်းတို့ကော်မရှင်အနေဖြင့် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ထိန်းချုပ်မှု၊ ပြောဆိုမှုများအတိုင်းသာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်ကို သတင်းစာရှင်းလင်းပွဲများ၌လည်း ထည့်သွင်းရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြေပြင်စစ်ဆေးတွေ့ရှိချက်များကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် နေ့စဉ် အသေးစိတ်ထုတ်ပြန်ပေးလျက်ရှိပြီး ယခင် တပ်မတော်မှ ထုတ်ပြန်ခဲ့သည့် စစ်ဆေးတွေ့ရှိချက်ထက်ပင် မဲမသမာမှုများ ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း။

တပ်မတော်မှ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ NLD ပါတီဝင်များနှင့် ထောက်ခံသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပိုက် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်ဆွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း။

ထို့ပြင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းသို့ ဆူပူဆန္ဒပြမှုများသည် အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားလေ့ရှိပြီး ငြိမ်းချမ်းစွာသတ်မှတ်ချက်များနှင့်အညီ ဆန္ဒပြခြင်းများရှိသကဲ့သို့ စည်းကမ်းနှင့် ကိုက်ညီမှုမရှိသဖြင့် ဥပဒေနှင့်အညီ ဖြိုခွင်းခဲ့ရမှုများလည်းရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လူကိုသေစေအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်း၊ အမိန့်ပေးခြင်းများမရှိခဲ့ဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အေးချမ်းစွာနေထိုင်လိုသူများ၏ အသက်အန္တရာယ်ထိခိုက်စေသည်အထိ လုပ်ဆောင်လာခဲ့၍ သာလျှင် မလွှဲသာမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းများ ရှိခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများ ပိတ်ထားရခြင်းသည် ကျောင်းသားကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများ စနစ်တကျပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်လုပ်ဆောင်လျက်ရှိကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

အားလုံးကြိုးပမ်းဆောင်ရွက်

တပ်မတော်သည် တိုင်းပြည်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူက အားကိုးရသည့် တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန် အမြဲအသင့်ပြင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ တပ်မတော်အပေါ်၊ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သည့်စိတ်ရင်း၊ စိတ်ဓာတ်များအတွက်လည်း လေးစားချီးကျူးပါကြောင်း၊ တပ်ရင်းတပ်ဖွဲ့များအားလုံးအနေဖြင့် စစ်သည်တစ်ဦးချင်းမှစ၍ အရည်အချင်းရှိအောင်၊ တိုးတက်အောင်တည်ဆောက်ပြီး မိမိတို့၏ လုပ်ဆောင်ချက်အားလုံးသည် တိုင်းပြည်အတွက်ဖြစ်ရမည်ဟူသည့်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်၊ အကျိုးရှိအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားနှင့် အဖွဲ့လိုက်လုပ်ဆောင်ရသည့် အားကစားပြိုင်ပွဲများကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက် မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်ပြီး မိမိတို့၏ ကလေးငယ်များကိုလည်း စာဖတ်အောင် တွန်းအားပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဗုဒ္ဓဘာသာယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို သိရှိအောင်လည်း သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ တပ်မတော်ကို ကောင်းမွန်အောင်၊ တိုးတက်အောင် လုပ်ဆောင်ရန်မှာ မိမိတို့ပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စာမျက်နှာ ၄ သို့ ➡

○ **လက်ရှိအချိန်တွင် မဲစာရင်းများစစ်ဆေးခြင်းကို အသစ်ဖွဲ့စည်းထားရှိသည့် ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်လျက်ရှိ**

○ **ယခင် ရွေးကောက်ပွဲကော်မရှင်မှ ထိပ်ပိုင်းတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းခဲ့ရာတွင်လည်း ၎င်းတို့ ကော်မရှင်အနေဖြင့် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ထိန်းချုပ်မှု၊ ပြောဆိုမှုများအတိုင်းသာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်ကို သတင်းစာရှင်းလင်းပွဲများ၌လည်း ထည့်သွင်းရှင်းလင်းခဲ့ပြီးဖြစ်**

○ **လက်ရှိအချိန်တွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြေပြင်စစ်ဆေးတွေ့ရှိချက်များကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် နေ့စဉ် အသေးစိတ်ထုတ်ပြန်ပေးလျက်ရှိပြီး ယခင်တပ်မတော်မှ ထုတ်ပြန်ခဲ့သည့် စစ်ဆေးတွေ့ရှိချက်ထက်ပင် မဲမသမာမှုများ ပိုမိုများပြားနေသည်ကို တွေ့ရှိရ**

❂ စာမျက်နှာ ၃ မှ

တာဝန်ဖြစ်ပြီး ကောင်းမွန်သောအမွေများကို လက်ဆင့်ကမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းပြည်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေရေး ခိုင်ခိုင်မာမာ ယုံကြည်ချက်ရှိရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**လူသုံးကုန်ပစ္စည်းများကို ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ယနေ့ နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီး... 



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။

- **မိမိတို့တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားနှင့် အဖွဲ့လိုက်လုပ်ဆောင်ရသည့် အားကစားပြိုင်ပွဲများကို လုပ်ဆောင်ကြရမည်**
- **အသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက် မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်ပြီး မိမိတို့၏ ကလေးငယ်များကိုလည်း စာဖတ်အောင် တွန်းအားပေးကြရမည်**
- **ဗုဒ္ဓဘာသာယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို သိရှိအောင်လည်း သင်ကြားပေးကြရမည်**
- **တပ်မတော်ကို ကောင်းမွန်အောင်၊ တိုးတက်အောင် လုပ်ဆောင်ရန်မှာ မိမိတို့ပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ တာဝန်ဖြစ်ပြီး ကောင်းမွန်သောအမွေများကို လက်ဆင့်ကမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်**
- **တပ်မတော်အနေဖြင့် တိုင်းပြည်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေရေး ခိုင်ခိုင်မာမာ ယုံကြည်ချက်ရှိရှိ ဆောင်ရွက်သွားမည်**

တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၏ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေများ၊ နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တပ်မိသားစုသက်သာချောင်ချိရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တပ်မိသားစုဝင်များနှင့် ဒေသခံပြည်သူများသို့ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်အနေဖြင့် မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ထိုင်း၊ လာအို၊ တရုတ်နိုင်ငံတို့နှင့် နယ်စပ်ဒေသများတစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်ရေးများကို ထိရောက်စွာ လုပ်ဆောင်ကြရန်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မတရားသောနည်းလမ်းများအသုံးပြုကာ နိုင်ငံတော်၏ အာဏာကိုရယူရန် ဆောင်ရွက်ခဲ့မှုများ ဖြစ်ပေါ်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရသည်ကို သိရှိကြမည်ဖြစ်ကြောင်း၊ NLD ပါတီအနေဖြင့် မသက်ဘမ့်ယ်မဲစာရင်းပေါင်း ၁၀ သန်းကျော်အထိ မသမာမှုများ လုပ်ဆောင်ခဲ့ခြင်းသည် ဒီမိုကရေစီနည်းလမ်းမကျသည့် လုပ်ရပ်ဖြစ်သဖြင့် လက်ခံ၍ရနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာလုပ်ဆောင်ခဲ့ရကြောင်း၊ တပ်မတော်၏ တရားဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့မှုအပေါ် NLD ပါတီအဖွဲ့ဝင်များနှင့် မလိုလားသူများက လက်မခံနိုင်သည့် လုပ်ဆောင်ချက်များကို ပြုလုပ်လာသည်ကို တွေ့ရှိရပြီး EAOs များကလည်း သံယောင်လိုက် ပြောဆိုမှုများလုပ်ဆောင်လာကြကြောင်း၊ RCSS/SSA အဖွဲ့အနေဖြင့် တပ်မတော်၏ နိုင်ငံတော်၏တာဝန်ထိန်းသိမ်းဆောင်ရွက်မှုများကို ဦးစွာဝေဖန်ပြောကြားခဲ့ကြောင်း၊ KNLA တပ်မဟာ (၅) အနေဖြင့် KNU ဗဟိုဦးစီးကော်မတီဝင်များနှင့် KNLA စစ်ဦးစီးချုပ်တို့၏ တားမြစ်ချက်များကို လိုက်နာမှုမရှိဘဲ ယခုလ ၂၇ ရက်နေ့တွင် တပ်မတော်က အခြေပြုထားသည့် ထီးမူထစခန်းအား NCA ကို လိုက်နာမှုမရှိဘဲ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

**ပြောကြား**

ထိုကဲ့သို့ ဆောင်ရွက်နေခြင်းများမှာ ၎င်းတို့၏နောက်ကွယ်မှ ထောက်ပံ့နေသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အလိုကျပြောဆိုလုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း၊ ၎င်းနိုင်ငံများနှင့် အဖွဲ့အစည်းများသည်လည်း NLD အစိုးရ ဆက်လက်ရှိနေမှသာလျှင် ၎င်းတို့လိုချင်သည့် ပုံစံနှင့် ၎င်းတို့ပြောသည့်အတိုင်း လုပ်ဆောင်သည့်အစိုးရကို ရရှိမည်ဖြစ်သဖြင့် ယခုကဲ့သို့ ပြောကြားစေခြင်းဖြစ်ကြောင်း၊ EAOs များ၏ လုပ်ဆောင်မှုများကို မပြတ်စောင့်ကြည့်ပြီး ဆက်စပ်နိုင်ငံများကိုလည်း သတင်းဖလှယ်မှု အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တိုင်းစစ်ဌာနချုပ်အလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး အမြဲစစ်ရေးသတိ၊ စစ်ရေးအသိ ရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- **ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာ**
- **မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရ**
- **ဆူပူဆန္ဒပြမှုများသည် အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားလေ့ရှိပြီး ငြိမ်းချမ်းစွာသတ်မှတ်ချက်များနှင့်အညီ ဆန္ဒပြခြင်းများ ရှိသကဲ့သို့ စည်းကမ်းနှင့် ကိုက်ညီမှုမရှိသဖြင့် ဥပဒေနှင့်အညီ ဖြိုခွင်းခဲ့ရမှုများလည်းရှိ**
- **လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လူကိုသေစေအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်း၊ အမိန့်ပေးခြင်းများမရှိခဲ့ဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အေးချမ်းစွာနေထိုင်လိုသူများ၏ အသက်အန္တရာယ်ထိခိုက်စေသည်အထိ လုပ်ဆောင်လာခဲ့၍သာလျှင် မလွှဲသာမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းများရှိခဲ့**

## မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်လို

မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်မတော်ဖြစ်အောင် အမြဲတမ်း လေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှုသာလျှင် Team work ရရှိပြီး အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်း၊ တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုနှင့် မိမိတပ်ကို ကောင်းအောင်ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၂ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် ဦးစိုင်းလုံးဆိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းတို့ လိုက်ပါ၍ ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလင်းက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းပေါ်ရှိ ကျိုင်းတုံမြို့ရှောင် (ကတ္တရာ-ကွန်ကရစ်) လမ်း၊ လမ်းအရှည် ၁၀ ကီလိုမီတာ၊ အကျယ် ၇ မီတာကိုဖောက်လုပ်လျက်ရှိသည့် အခြေအနေများ၊ လက်ရှိအချိန်တွင် ၁ ဒသမ ၂၃ ကီလိုမီတာအထိ ဖောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (ကတ္တရာ-ကွန်ကရစ်)လမ်းခင်းကျင်းရာတွင် သတ်မှတ်ချက်များနှင့် ပြည့်မီစွာ ခင်းကျင်းရေး၊ လမ်းကြောင်းပေါ်တွင် ရေတင်ကျန်ပြီး လမ်းပျက်စီးမှုမရှိစေရေးအတွက် လမ်းကြောင်းတစ်လျှောက် ရေနုတ်မြောင်းဖောက်လုပ်မှုကို လမ်းအနိမ့် အမြင့်အလိုက် ထားရှိသင့်သည့်မြောင်းအကျယ်ပမာဏကို တွက်ချက်လုပ်ဆောင်နိုင်ရေးနှင့် ကျိုင်းတုံမြို့၏ ရာသီဥတုအခြေအနေကို ချိန်ထိုးကိုက်ညှိ၍ တွက်ချက်ဖောက်လုပ်နိုင်ရေး၊ လမ်းကြောင်းပေါ်တွင် ဆောင်ရွက်ရန်လိုအပ်သည့် တံတားများကို ပုံစံဒီဇိုင်းရေးဆွဲထားရှိရေး လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့ရှောင်လမ်းဖောက်လုပ်ထားမည့် လျာထားမြေသားလမ်းကြောင်းပေါ်တွင် ယာဉ်ယန္တရားများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တန်ဆောင်မုန်းလပြည့်နေ့တွင်ကျရောက်မည့် မဟာမြတ်မုနိဘုရားကြီး ရာပြည့်ပွဲတော်အတွက် လိုအပ်သည်များကို ပြင်ဆင်လုပ်ဆောင်ထားရှိရန် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒီမိုကရေစီအရေးခြုံကာ နိုင်ငံဖျက်ဆီးနေသူများထဲ သင်မပါစေရန်ဂရုပြုပါ

**သူရိန်သော်**

နေ့စဉ်နှင့်အမျှ လေလှိုင်းပေါ်မှာတွေ့မြင်ရသည့် စကားလုံးများအနက်မှ အချို့ကို စာရှုသူများ သတိပြုမိပါလိမ့်မည်။

"ဒီမိုကရေစီရရှိရေး..စစ်အာဏာရှင်ကျဆုံးရေး.. အဆုံးအထိ CDM...အာဇာနည်တွေ.. အားတင်းထားပါ ဂျန်ဇီတွေ...."

ပြောလိုက်သည့် ဒီမိုကရေစီချင်းထပ်နေသည့် စကားလုံးများအောက်တွင် လက်ရှိစည်းကမ်းတကျ နည်းလမ်းတကျ ဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် အစိုးရကို စော်ကား၊ တာဝန်သိစိတ်ဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများကို ပုတ်ခတ်၊ နိုင်ငံရေးဆိုသည်ကို လုံးဝနားမလည်သေးသည့် ကလေးတစ်သိုက် ထိခိုက်ရသည့်အခါလည်း အာဇာနည်အဖြစ်မြှောက်ပင့်ပေး၊ မတရားမှုတွေ၊ မင်းမဲ့စရိုက်ဆန်စွာ ဖျက်ဆီးမှုတွေ၊ ဥပဒေနဲ့မညီတဲ့လုပ်ရပ်တွေ ထပ်ကာထပ်ကာလုပ်စေရန် သွေးထိုး၊ ပြည်သူများ ကျိုးလန့်စာစားဖြစ်စေရန် မှိုင်းတိုက်... စသည်ဖြင့် မြင်ရတွေ့ရသည်မှာ ကသိကအောင့်နိုင်လှပါပြီ။

အလုပ်အကိုင်များ ထိခိုက်အားနည်းနေကြသည့် ပြည်သူများ ကျန်းမာရေးအတွက် ရတက်မအေးကြရတော့သည်ကိုလည်း နေ့စဉ်နှင့်အမျှ ကြားသိနေရသည်။ မိတ်ဆွေ၊ ဆွေမျိုးအရင်းအချာကြီးများ တဖြုတ်ဖြုတ်ကြွေကုန်ကြသည်။ အနာနှင့်ဆေး မတည့်၍ မဟုတ်ပါ။ အနာနှင့်တည့်မည့် ဆေးကို ညွှန်းဆိုကုသပေးမည့် ဆရာဝန်များ အားနည်းသွားရခြင်းကြောင့်ဖြစ်ပါသည်။ မြို့နယ်အချို့ရှိဆေးရုံများ ပြင်ပလူနာဌာနတံခါးပေါက်များ စေ့ထားကြ၊ မီးများအရင်လို လင်းနေသည်ကို မမြင်ရတိုင်း၊ ဂျူတီကုတ်အဖြူလေးများ ပြေးပြေးလွှားလွှား လှုပ်ခါယမ်းနေသည်ကို မတွေ့ရတိုင်း ပြည်သူများရင်ထဲဝယ် မည်သို့ ခံစားနေကြရမည်ကို CDM လုပ်နေကြသည့် ဆရာဝန်များ မသိလေရော့သလားဟု မချိတင်ကဲ တွေးနေမိပါသည်။

ဆေးရုံတွင် ရက်ချိန်းအတိအကျနှင့် ဓာတ်ရောင်ခြည်ကုထုံးခံယူရန် စောင့်ဆိုင်းနေကြရသူများ၊ တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ကျောက်ကပ်ပုံမှန်မဆေးနိုင်လျှင် အသက်သေသည်အထိ အန္တရာယ်ရှိနေတတ်သော ကျောက်ကပ်ဝေဒနာရှင်များ၊ မီးဖွားနေရင်း အချင်းကပ်၊ သွေးသွန်သောကြောင့် မိခင်ဘဝရောက်ရောက်ချင်း အသက်ပေးလိုက်ရသည့်ဘဝများကို အသင် ဆရာဝန်တို့ နေစိမ့်ရက်ကြသည်ဟု မဝံ့မရဲ အပြစ်တင်လိုပါသည်။

ပြနေကျရက် ချိန်းဆေးခန်းသို့ သွားပြခိုက် ကုသနေဆဲလူနာများကို စိတ်မချ၍ ဆေးခန်းသို့ တိုးတိုးတိတ်တိတ် လာရောက်ကုသပေးသည့် ဆရာဝန်တစ်ဦးကို ယမန်နေ့က မြင်ရသည်။ ယခင်လို တက်ကြွပြီး ခိုင်မာတည်ကြည်မှု အားနည်းလျက်ရှိနေသည်။ လူနာများကို စိတ်မချလွန်း၍သာ လာကြည့်ရသည်၊ မည်သူ့ကိုမျှ ရင်မဆိုင်လိုသည့် သူ့ပုံစံက အံ့အားသင့်စရာပေ။ "ဆရာ ဆေးရုံကို ပြန်လာခဲ့ပါ"ဟု အရဲစွန့်ပြောမိတော့ "ကျွန်တော့် မိတ်ဆွေတွေကို အားနာတယ်။ မလုပ်ရက်ဘူး"ဟု ပြန်အဖြေပေးသည်။ "ဆရာက ကျွန်တော်တို့ပြည်သူတွေကိုရော အားမနာဘူးလားဗျာ"ဟု ကျွန်တော့်အမေးကို အားတုံ့အားနာဖြင့် "ကျွန်တော်ပြန်လာမှာပါဗျာ"ဟု ပြန်ပြောသည်။

ဆရာဝန်တွေ ပညာစုံတဲ့နေ့မှာ ဘွဲ့ဝတ်စုံအပြည့်ဖြင့် သစ္စာဆိုခဲ့သည့် ကျင့်ဝတ်များအနက်မှ "ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့" ဟူသောအချက်ကို ပြည်သူ့ဆရာဝန်များ နှလုံးသွင်း၍ ပြည်သူ့ဆေးရုံများထံ အပြေးပြန်လာမည်ဟု ပြည်သူများက ယုံကြည်မှုအပြည့်ဖြင့် စောင့်မျှော်နေကြပါလိမ့်မည်။

ယူနီဖောင်းကို သန့်ပြန့်စွာဝတ်၍ ရုံးတက်နေရသည့်ဘဝကို ဂုဏ်ယူသည့် မိတ်ဆွေသူငယ်ချင်းကို အွန်လိုင်းတွင် လက်သုံးချောင်းထောင်လျက်ပြီးခဲ့သည့်လက မြင်တွေ့ရသည်။ အမြင်ချင်းမတူ၍ ခပ်ခွာခွာသာနေခဲ့မိလေရာမှ မကြာသေးမီက ငို၍ဖုန်းဆက်လာသည်။ "အလုပ်အကိုင် အဆင်မပြေတဲ့အကြောင်း၊ ဝင်ငွေမရှိတော့သည့် အခြေအနေတွင် မိသားစုရပ်တည်ရန်ခက်ခဲလာကြောင်း၊ ရုံးက ဒုတိယအကြိမ် အကြောင်းကြားစာ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သူ့အခက်အခဲများကို ရင်ဖွင့်ပြောပြသည်။ ခရက်ဒစ် ဟူသည့် အမည်မသိစာရေးသူများ၏ တစ်ဖက်စွန်းရောက် CDM မှိုင်းအတွင်းက ရုန်းမထွက်နိုင်ခဲ့ခြင်း၊ ဘဝတူဌာနတူ နှစ်ရှည်လများလက်တွဲခဲ့သည့် လုပ်ဖော်ကိုင်ဖက်များအား စော်ကားပြစ်တင်ခဲ့ခြင်းနှင့် မဟုတ်မမှန် ကောလာဟလများကို ယုံကြည်၍ အလုပ်မှ ထွက်ခွာခဲ့ခြင်းအတွက် ပြန်လည်ရရှိသည့် နောင်တသည် ဆိုးရွားမှုကြီးမားလေသည်။

အမှားကိုသိ၍ အမှန်ကိုမြင်ပြီဆိုလျှင် အချိန်နှောင်းသည်ဟူ၍မရှိ။ ကိုယ်တတ်စွမ်းရာဘက်မှ နိုင်ငံတော်ပျက်စီးမှုမကြုံအောင် ကာကွယ်တားဆီးရမည်ဟု တွေးတောဆင်ခြင်ကာ ပြန်လည်ရုန်းထွက်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါသည်၊ ဆရာ ဆရာမများကို အစဉ်စောင့်နေကြမည့် ကျောင်းသား ကျောင်းသူများ၊ ဆရာဝန်များကို မျှော်လင့်တကြီး စောင့်မျှော်နေမည့် လူနာများကို လျစ်လျူမရှုကြပါနှင့်တော့။

စာရေးသူတို့ မိတ်ဆွေတစ်ဦးနေထိုင်သည့် ရန်ကုန်မြို့ ဆင်ခြေဖုံးတစ်နေရာတွင် သံပုံးမတီးသည့်အိမ်သည် မလုံခြုံဟုသိရသည်။ သံပုံးတီးချိန်တွင် အိမ်တွင်လူမရှိသည်ဟု ဆင်ခြေမပေးရဲ။ တီးစရာရှိ တီးကြရသည်။ မဟုတ်ပါက ခဲလုံး၊ လောက်စာလုံးစာမိမည်ဟုဆိုသည်။ "ကလေးတွေ ခံနေရပြီ။ တစ်အိမ်တစ်ယောက်ထွက်ပါ"ဟူသည့် ခေါ်သံကြားတိုင်း စာမျက်နှာ ၇ သို့ ➊

**ဆေးရုံတွင် ရက်ချိန်းအတိအကျနှင့် ဓာတ်ရောင်ခြည်ကုထုံး ခံယူရန် စောင့်ဆိုင်းနေကြရသူများ၊ တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ကျောက်ကပ်ပုံမှန်မဆေးနိုင်လျှင် အသက်သေသည်အထိ အန္တရာယ်ရှိနေတတ်သော ကျောက်ကပ်ဝေဒနာရှင်များ၊ မီးဖွားနေရင်း အချင်းကပ်၊ သွေးသွန်သောကြောင့် မိခင်ဘဝရောက်ရောက်ချင်း အသက်ပေးလိုက်ရသည့် ဘဝများကို အသင် ဆရာဝန်တို့ နေစိမ့်ရက်ကြသည်ဟု မဝံ့မရဲ အပြစ်တင်လိုပါသည်။**

**ဒီမိုကရေစီရရှိရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြသည်ဟု ကြွေးကြော်နေပြီး ထိုသို့ဆန္ဒပြမှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်နေကြောင်း မီဒီယာကဏ္ဍစုံမှ ဟန်ပြ၊ ပုံဖော်ထုတ်လွှင့်နေသော်လည်း အထက်ပါဖြစ်စဉ်များအတိုင်း မင်းမဲ့စရိုက်ဆန်စွာပြုကျင့်နေခြင်း၊ နိုင်ငံတစ်ဝန်းတွင် လေသေနတ်များ၊ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများ၊ ဂျင်ကလီများ၊ မီးပုလင်းများ၊ ဓား၊ လှံလက်နက်များဖြင့် စတင်ရန်ပြုတိုက်ခိုက်နေခြင်း၊ အပြစ်မဲ့ အရပ်သားအပေါ်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ၎င်းတို့၏ ရန်ပြုတိုက်ခိုက်လုပ်ရပ်များကိုမူ ပါတီနှင့်ပါတီခေါင်းဆောင်ကို တစ်ဖက်သတ်မျက်စိမှိတ် ထောက်ခံနေသူများ၊ မီဒီယာသမားများ၊ ဆူပူဆန္ဒပြသူများက မမြင်ယောင်ဆောင်၊ အပြစ်မဲ့ချင်ယောင်ဆောင်နေသည်မှာ လွန်စွာအံ့ဩဖွယ်ဖြစ်ပါသည်။ နိုင်ငံ၏ ကံကြမ္မာပါပေ။**

○ စာမျက်နှာ ၆ မှ

မိတ်ဆွေက လုပ်လက်စအလုပ်ရပ်ပြီး ပြေးဆင်းထွက်ရသည်။ ညဘက်မစောင့်ချင်ဘဲ ကင်းစောင့်ရသည်။ ကင်းမစောင့်လျှင် ဒလန်ဟုထင်ကာ နှိပ်စက်ညှဉ်းပန်းပြုမည်စိုးရိမ်၍ဟု ဆိုသည်။ လမ်းအတွင်း သဲအိတ်များ ထွက်ချရမည်၊ သဲအိတ်ဝယ်ဖို့ အလှူငွေယူကာ တစ်အိမ်တစ်ယောက် လုပ်အားပေးပါဟုဆိုသဖြင့်အလှူငွေနှင့် လုပ်အားပေးပေးရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းပိတ်ထားသည်များ ဖယ်ရှားပါဟု လိုက်လံဆော်ဩချိန်တွင်ကား ထိုသူများ ကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်ကြ၍ မိတ်ဆွေနှင့် အေးအေးချမ်းချမ်းနေလိုသူများသာ နိုင်သရွေ့ကူရင်း လမ်းပိတ်ထားသည်များကို ဖယ်ကြရသည်။ ဖယ်ပြီးကာမှ လမ်းပိတ်ရန်ဆော်ဩခဲ့သူ ခေါင်းဆောင်များက တစ်ရေးနိုးကြသည်။ လုံခြုံရေးတာဝန်ရှိသူများ မရှိလျှင် တစ်ခါပြန်၍ ရပ်ကွက်ထဲမှာ "တစ်အိမ်တစ်ယောက်ထွက်၊ တစ်အိမ်တစ်ယောက်ထွက်" ဟူ၍ အော်ကြပြန်သည်။ ပြည်သူများ ဘယ်ပြေးရတော့မယ်မသိ။ ဒါကို ဒီမိုကရေစီဟု အမည်တပ်လျှင်တော့ ပြည်သူများသည် ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်မတိုင်မီ ကမ္ဘာဦးကျောက်ခေတ်ကိုသာ ပြန်၍သွားပါတော့မည်ဟု ဆိုကြပါလိမ့်မည်။

ဒီမိုကရေစီတောင်းဆိုတိုက်ပွဲဝင်သူဟု အမည်တပ်ထားသော မသမာသူ အကြမ်းဖက်လူတစ်စု၏ မတ်လအတွင်း ဒီမိုကရေစီမဆန်သော အကြမ်းဖက် လုပ်ရပ်အချို့ကို သတိရမိသေးသည်။

မတ်လ ၁ ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး(YMBA) ဆိုင်းဘုတ် ရွှေရောင်စာလုံးများကို ဝါးလုံးများဖြင့် ထိုးခွာဖျက်ဆီးခြင်း၊ ပြတင်းပေါက်မှန်တံခါးများနှင့် အဲကွန်းသုံးလုံးတို့ကို ရိုက်ခွဲဖျက်ဆီးခြင်း၊ အဆောက်အအုံနံရံပေါ်၌ ညစ်ညမ်းသော စကားလုံးများကို ဆေးအမည်းမှုတ်၍ရေးသားခြင်း၊ အလံတိုင်များအား ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ကြသည်။

မတ်လ ၂ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဝဋ္ဋကြွေးတော်ပြေ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က လေးခွများဖြင့် ပစ်ခတ်မှုကြောင့် နဖူးဦးခေါင်းနှင့် ဘယ်မျက်လုံးတို့ ထိခိုက်ခဲ့ရသလို မတ်လ ၃ ရက်နေ့တွင် မုံရွာမြို့၌ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူကို မတရားဖမ်းဆီးခေါ်ဆောင်၍ ဆံပင်နှင့်မျက်ခုံးမွေးများ ရိတ်ခဲ့သည်။ မတ်လ ၄ ရက်နေ့တွင် ပျဉ်းမနားမြို့၌ အကြမ်းဖက်သူ လူအုပ်စုက ရဲတပ်ဖွဲ့ဝင်တစ်ဦးကို အကြောင်းမဲ့ဖမ်းဆီးရိုက်နှက်၍ ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ မတ်လ ၄ ရက်နေ့တွင်ပင် လူအင်အား ၃၀ ခန့်က ပြည်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ စုရုံးရောက်ရှိလာပြီး ရုံးအဝင်ခြံတံခါးကို သံကြိုးများဖြင့်သော့ခတ်၍ ဝန်ထမ်းများ ဝင်၊ ထွက်မှု မပြုနိုင်ရန် တားဆီးပိတ်ပင်ခဲ့သည်။ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များ၌ လမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ပိတ်ဆို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီး၍ လူမဆန်စွာ ရိုက်နှက်ညှဉ်းပန်းခြင်း၊ သံဃာတော်များအား သာသနာညှိုးနွမ်းစေပြီး အကြမ်းဖက်ဆန်စွာ ဆောင်ရွက်ခြင်း၊ ဘဏ်ကိုဖျက်ဆီး၍ ATM ငွေထုတ်စက်ကို ချိုးဖျက်ကာ ငွေများလုယူခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံများနှင့် ယာဉ်များကို ဖျက်ဆီးခြင်း စသည့် အဖျက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည်။

မတ်လ ၉ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ခနန်းသစ်ကျေးရွာ၌ ဆူပူအကြမ်းဖက်သူ အင်အား ၆၀ ခန့်က ဦးအောင်မြင့်၏ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သည့် နေအိမ်ရှေ့သို့ ရောက်ရှိလာပြီး သတင်းပေးသည့် အိမ်အားဖျက်ဆီးကြ၊ ခဲနှင့်ပေါက်ကြ၊ မီးရှို့ကြ ဟု အော်ဟစ်လှုံ့ဆော်ကာ နေအိမ်အား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တံခါးများကို ဖျက်ဆီးခြင်း၊ မော်တော်ဆိုင်ကယ်အား မီးရှို့ခြင်း စသည်ဖြင့် လုပ်ဆောင်ခဲ့သည်။ မတ်လ ၁၂ ရက်နေ့က ကော့သောင်းမြို့နယ် (၁၀) မိုင်ကျေးရွာရှိ အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်အား ဆူပူအကြမ်းဖက်သူများက ဓားဖြင့် ဝင်ရောက်ခုတ်သဖြင့် သေဆုံးသွားခဲ့သည်။

မတ်လ ၁၄ ရက်နေ့ကလည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ ဦးဇော်လွင် မိသားစု၏နေအိမ်အား အကြမ်းဖက်သူလူအုပ်စုက သတင်းပေးဟု ခေါင်းစဉ်တပ်အကြောင်းပြ၍ ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်ကာ တရားမဝင်ချုပ်နှောင်မှု ပြုလုပ်ခဲ့သည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ရဲစခန်းများအား မီးရှို့ထားသော ဓာတ်ဆီပုလင်းများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ အလားတူ မတ်လ ၁၄ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ သံပုံးမတီးသည့်ကိစ္စရပ်ကို အကြောင်းပြ၍ အပြစ်မဲ့အမျိုးသမီး တစ်ဦးအား ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ယုတ်မာစွာ ဓားဖြင့်ခုတ်သတ်ခြင်း ဆောင်ရွက်ခဲ့သည်။

မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သမိုင်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်လေးဦးအား ဆူပူဆန္ဒပြသူအင်အား ၂၀၀ ခန့်က ဖမ်းဆီးချုပ်နှောင် ခေါ်ယူရိုက်နှက်၍ မီးသတ်စခန်းအဆောက်အအုံနှင့် မီးသတ်ယာဉ်တို့ကို ဖျက်ဆီးခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင်ပင် ပုသိမ်မြို့အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူးနှင့်အဖွဲ့အား ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်က ထိုးကြိတ်ရိုက်နှက်ခြင်း၊ ဓားဦးချွန်ဖြင့် ထိုးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ဖယ်ခုံမြို့နယ်သို့သွားရောက်စဉ် ဆူပူအကြမ်းဖက်သူလူတစ်စုက ရက်စက်စွာ ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

မတ်လ ၁၆ ရက်နေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ ဆူပူအကြမ်းဖက်သူ လူတစ်စုက ဦးဆန်းမော်အား သတင်းပေးဟု စွပ်စွဲကာ နေအိမ်အား ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ လေးခွများ၊ ကုံးသီးများဖြင့် ပစ်ခတ်ခြင်း၊ အိမ်နံရံကျောက်ပြားအား ကွဲကြေအောင် ထုရိုက်ခြင်းဆောင်ရွက်ခဲ့သည့်အပြင် မော်တော်ယာဉ် တစ်စီးအား ဖျက်ဆီးခြင်း၊ ဦးဆန်းမော်နှင့် မိသားစုဝင်များအား တုတ်၊ ဓား၊ ဂျင်ကလိများဖြင့် ရိုက်နှက်၊ ထိုးခုတ်၊ ပစ်ခတ်ခြင်း ပြုလုပ်ခဲ့သည်။ မတ်လ ၁၆ ရက်နေ့တွင်ပင် မသမာသူတချို့က စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ ကျောက်ရစ်ရဲစခန်းအား မီးကွင်းဖြင့်ပစ်ခြင်း၊ ကျွန်းလှ-ကောလင်းကားလမ်းပေါ်ရှိ ဒေါင်းမြူးချောင်းတံတားအား မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်ခဲ့သည်။

မတ်လ ၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူ လူအုပ်စုက တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ထိုးခုတ်ရန်ပြုသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့သည်။

မတ်လ ၂၂ ရက်နေ့တွင် တောင်ကြီးမြို့နယ်အတွင်းရှိ အခွန်ရုံးနှင့် အခွန်ရုံးအောက်ရှိ ယာဉ်များအား မီးရှို့ရန် လာရောက်သူများအား ဖမ်းဆီးရမိခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ အကြမ်းဖက်သူလူအုပ်စုက ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

ဒီမိုကရေစီရရှိရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြသည်ဟု ကြွေးကြော်နေပြီး ထိုသို့ ဆန္ဒပြမှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်နေကြောင်း မီဒီယာကဏ္ဍစုံမှ ဟန်ပြပုံဖော်ထုတ်လွှင့်နေသော်လည်း အထက်ပါဖြစ်စဉ်များအတိုင်း မင်းမဲ့စရိုက်ဆန်စွာ ပြုကျင့်နေခြင်း၊ နိုင်ငံတစ်ဝန်းတွင် လေသေနတ်များ၊ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများ၊ ဂျင်ကလိများ၊ မီးပုလင်းများ၊ ဓား၊ လှံလက်နက်များဖြင့် စတင်ရန်ပြုတိုက်ခိုက်နေခြင်း၊ အပြစ်မဲ့အရပ်သားအပေါ်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ၎င်းတို့၏ ရန်ပြုတိုက်ခိုက်လုပ်ရပ်များကိုမူ ပါတီနှင့် ပါတီခေါင်းဆောင်ကို တစ်ဖက်သတ်မျက်စိမှိတ်ထောက်ခံနေသူများ၊ မီဒီယာသမားများ၊ ဆူပူဆန္ဒပြသူများက မမြင်ယောင်ဆောင်၊ အပြစ်မဲ့ချင်ယောင်ဆောင်နေသည်မှာ လွန်စွာအံ့ဩဖွယ်ဖြစ်ပါသည်။ နိုင်ငံ၏ ကံကြမ္မာပါပေ။

လမ်းပေါ်ထွက်ကြရင်း အဖိတ်အစင်များ အနက် အသက်ငယ်ငယ်၊ မျက်နှာနုနုနှင့် ချစ်စဖွယ် ဂျန်ဇီကလေးများ၏ နာရေးအချို့ကို အွန်လိုင်းတွင် မြင်တွေ့ကြရသည်မှာ ကိုယ်တိုင်လည်း မိဘနေရာမို့ ဝမ်းနည်းရသည်။ ကရုဏာသက်ရသည်။ သို့သော် အဖိတ်အစင်တိုင်း အွန်လိုင်းပေါ်နေရာယူခွင့်မရကြပါ။ အချို့ကလေးများ မြို့နယ်အဆင့်တွင်ပင် အကုန်မသိလိုက်ဟု သိရသည်။ လူငယ်အချင်းချင်း သေဆုံးသူ ငယ်ငယ်နုနု ချောချောလေးများကို စာနာရာမှ အားကျမိသွားမည်ကိုတော့ စာရေးသူ စိုးရိမ်လှပါသည်။ လူအုပ်စုစိတ်ဓာတ်သည် လူ့အဖွဲ့အစည်းအတွင်း အဖျက်သဘောနှင့် အားကြီးလာမည်ကိုတော့ စိုးရိမ်ပါသည်။ နာမည်ကြီးဖို့အတွက် အသက်တော့ မစတေးကြပါနှင့်ဟု ရေရွတ်မိသည်အထိ စိတ်ပူပန်မိသည်။

အဝေးရောက်မိတ်ဆွေများက စားနပ်ရိက္ခာနှစ်ပတ်စာ စုဆောင်းထားပါ၊ မတော်လှန်ရဲသူများ ရပ်ရွာကရှောင်နေပါဟူသည့် သတင်းစကားကို ပေးပို့လာသည်။ သူ့ကိုပြန်မေးကြည့်ရသည်။ နှစ်ပတ်အတွင်းအပြတ်တိုက်မည်တဲ့။ ဘယ်လိုတိုက်မှာလဲဆိုတော့ သူကမသိဘူးတဲ့။ လေကြောင်းကနေ ဒရုန်းနဲ့ဆိုလားဟု မရေမရာပြောသည်။ ၇၂ နာရီဆိုလည်း ပြည်သူများယုံကြသည်။ အသံတိတ်ဆိုင်းလန့်စရိုက်ဒ်ဆိုလည်း လိုက်လုပ်ကြသည်။ သံပုံးတီးဆိုလည်း တီးကြသည်။ လုံချည်အလံထူဆိုလျှင်ပင် ထူကြသည်။ R2P လာတော့မည်၊ ဖက်ဒရယ်အာမီတပ်ကြီး ချီလာတော့မည်(ဘယ်ကနေ ဘယ်ကိုလာကြမည်တော့မသိ)။

ပြည်သူများ အသိတရားဖြင့် အရှိတရားကို မှန်မှန်ကန်ကန်တွေးခေါ်ဆင်ခြင်ဖို့ လိုအပ်နေပြီဟု သတိချပ်စေလိုပါသည်။ လက်ရှိအခြေအနေသည် တိုင်းပြည်သည် လမ်းဆုံလမ်းခွတစ်ခုသို့ရောက်နေချိန်ဟု ဆိုနိုင်ပါသည်။ မှားယွင်းနေသည့်စနစ်ကို ပြုပြင်ရန်၊ အမှန်တရားနှင့် ဒီမိုကရေစီလမ်းကြောင်း မပျက်ယွင်းသည့် မူလလမ်းကြောင်းကား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီရှိနှင့်ပြီးသားဖြစ်ပါသည်။ ယင်းကိုလည်း ဖြောင့်ဖြူးအောင် သွားနေကြပါပြီ။ ဒါကို လမ်းလွဲ၊ လမ်းကောက်တို့မှ အဖျက်အမှောင့်လုပ်ရပ်များဖြင့် ဖျက်လိုဖျက်ဆီး ဆောင်ရွက်နေခြင်းကို ပြည်သူများ လက်သင့်မခံသင့်ဟု ယူဆမိပါသည်။ မိမိ၏လုပ်ရပ်တို့သည် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိစေသလား၊ အကျိုးယုတ်စေသလားဆိုသည်ကို ပြည်သူတစ်ဦးချင်းစီက မေးခွန်းထုတ်အဖြေရှာခြင်းဖြင့် မိမိတိုင်းပြည်ကိုကောင်းအောင် ကြိုးစားကြပါစို့လားခင်ဗျာ။ ။

**အဝေးရောက်မိတ်ဆွေများက စားနပ်ရိက္ခာနှစ်ပတ်စာ စုဆောင်းထားပါ၊ မတော်လှန်ရဲသူများ ရပ်ရွာကရှောင်နေပါဟူသည့် သတင်းစကားကို ပေးပို့လာသည်။ သူ့ကိုပြန်မေးကြည့်ရသည်။ နှစ်ပတ်အတွင်း အပြတ်တိုက်မည်တဲ့။ ဘယ်လိုတိုက်မှာလဲဆိုတော့ သူကမသိဘူးတဲ့။ လေကြောင်းကနေ ဒရုန်းနဲ့ဆိုလားဟု မရေမရာပြောသည်။ ၇၂ နာရီ ဆိုလည်း ပြည်သူများယုံကြသည်။ အသံတိတ်ဆိုင်းလန့်စရိုက်ဒ်ဆိုလည်း လိုက်လုပ်ကြသည်။ သံပုံးတီးဆိုလည်း တီးကြသည်။ လုံချည်အလံထူဆိုလျှင်ပင် ထူကြသည်။ R2P လာတော့မည်၊ ဖက်ဒရယ်အာမီတပ်ကြီး ချီလာတော့မည်(ဘယ်ကနေ ဘယ်ကို လာကြမည်တော့မသိ)။**

# မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ(ပါဠိပါရဂူ)အား “အဘိဓဇမဟာရဋ္ဌဂုရု”ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနား ကျင်းပ



မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ(ပါဠိပါရဂူ)ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

နေပြည်တော် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် မဟာနန္ဒိသေနာရာမတိုက်ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ(ပါဠိပါရဂူ)အား ၂၀၂၂ ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည်ညို၍ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်သည်။

**တက်ရောက်**

အခမ်းအနားသို့ ဘွဲ့ခံဆရာတော်ကြီးဖြစ်သည့် မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ အမှူးပြုသည့် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အတူ ကောင်စီဝင်ဖြစ်သည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ(ပါဠိပါရဂူ)အား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။

ဦးမောင်းဟာ၊ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာနန္ဒိ သေနာရာမတိုက် ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသထံ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။ ဆက်လက်ပြီး ဆရာတော်ကြီးအား သင်္ကန်းပရိက္ခရာများ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော်ဘဒ္ဒန္တ သီဟနာဒက အနုမောဒနာတရားမြွက်ကြားချီးမြှင့်တော်မူရာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆက်ကပ်လှူဒါန်း**

အဆိုပါ မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ ဆရာတော်ကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကံကြီးအနောက်ကျေးရွာ ခမည်းတော် ဦးဟန်၊ မယ်တော် ဒေါ်ပေါ်မြိုင်တို့က ၁၂၉၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် စနေနေ့တွင် ဖွားမြင်တော်မူခဲ့ပြီး ရှင်သာမဏေအဖြစ်သို့ ၁၃၀၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်တွင် ရောက်ရှိကာ ၁၃၁၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့တွင် ကျွန်းဦးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး ယခုအခါသက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါ ရှိပြီဖြစ်ကြောင်း၊ ဆရာတော်သည် အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ၁၉၅၈ ခုနှစ်၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ၁၉၆၁ ခုနှစ်တွင် အောင်မြင်တော်မူခဲ့ပြီး မန္တလေးမြို့ မဟာနန္ဒိသေနာရာမပရိယတ္တိစာသင်တိုက်၌ စာသင်သားရဟန်း၊ သာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူလျက်ရှိပြီး ပါရာဇိကဏ် အလင်းပြကျမ်းကို ရေးသားပြုစုခဲ့ကြောင်း၊ ဆရာတော်သည် မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်၊တံတားဦးမြို့နယ်၊ပရိယတ္တိသာသနာဓိက စာမေးပွဲ၌ ပဓာနအဖွဲ့ဥက္ကဋ္ဌ၊ တောင်ငူမြို့၊ သုဓမ္မာပရိယတ္တိစာမေးပွဲ၊ ဒိုက်ဦးမြို့၊ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ၊ မြင်းခြံမြို့၊ ပုညမဉ္ဇရီသာမဏေကျော်စာမေးပွဲတို့တွင် ပဓာန၊ မန္တလေးမြို့၊ ချမ်းသာကြီး ဆန်လှူအသင်း ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိကြောင်း၊ ထိုသို့ ဗုဒ္ဓမြတ်စွာသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဝိဋ္ဌကတ္တယဆောကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့ဖြင့် ပြည့်စုံတော်မူသောကြောင့် ယခု အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခံရခြင်းဖြစ်ကြောင်း သိရသည်။

**ကပ်လှူပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာမုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကန်တော့ပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမရပူရမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သတ္တသုခံရွှေရင်းရဲမြတ်စွာဘုရား၊ ဆင်ကြီးရွှေဂူကပ်ကျော်ဘုရား၊ သံဖြင့်သွန်းလောင်းထားသော သမိုင်းဝင်သံသေကပ်ကျော်မြတ်စွာဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုကန်တော့ကြပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဥပဒေကို ဆန့်ကျင်ကာ ဆူပူဖျက်ဆီးပါက မှားကြလိမ့်မယ်။ ရှယ်တူသူငယ်ချင်းများက အမှားမလုပ်မိခင် ကယ်တင်ဆွေးနွေး ဖျောင်းဖျတားဆီးကြပါ။ လူငယ်ဘဝဟာ နိုင်ငံလူမျိုးကောင်းကျိုးအတွက်သာ ဖြစ်ရမှာ . . .။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သီးခြားစီတွေ့ဆုံ အားပေး




နေပြည်တော် မတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရန်အောင်မြင်ခန်းမ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ရဲသူရိန်ခန်းမ၌လည်းကောင်း(ယာပုံ) သီးခြားစီတွေ့ဆုံ၍ အားပေးအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ တက်ရောက်ကြသည်။

### အသေးစိတ်ရှင်းလင်းပြောကြား

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၁၀ ဒသမ ၄ သန်းကျော် သံသယဖြစ်ဖွယ် မဲစာရင်းမှားယွင်းမှုများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးမှုမရှိသည့်အပြင် လွှတ်တော်၊ NLD အစိုးရအဖွဲ့မှ ငြင်းပယ်ခဲ့သည့်အခြေအနေများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့မှုကို ငြင်းပယ်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းလာမှုကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပေးအပ်ထားသည့် တာဝန်များအရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ပြဋ္ဌာန်းထားသည့်ကာလများအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ကာ နိုင်ငံတော်၏ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးကို ဆောင်ရွက်သွားမည့် အခြေအနေများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများက တစ်ဖက်သတ် သတင်းမှားများ ထုတ်လွှင့်နေမှုများကို သတိပြုဆင်ခြင်၍ အမှားနှင့်အမှန်ခွဲခြားသိမြင်ရန်လိုအပ်သည့် အခြေအနေများ၊ အတိတ်သမိုင်းသင်ခန်းစာများကို သိရှိစေရေးအတွက် ၁၉၈၈ ခုနှစ် အရေးအခင်းတွင် ကိုယ်တွေ့ကြုံခဲ့ရသူများ၏ ဆွေးနွေးမှုများကို နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် ထုတ်လွှင့်ပေးနေမှုအခြေအနေများ၊ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ရေပက်မဝင်သည့်အထိတည်ဆောက်၍ အထက်အောက်ညီညွတ်မျှတစွာ တာဝန်ခွဲဝေ၍ ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့် ကျန်းမာရေးကောင်းမွန်မှ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည် ဖြစ်သဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်သော အသောက်အစား၊ အနေအထိုင်များကို ရှောင်ရှားနေထိုင်ရန်လိုအပ်သည့် အခြေအနေများအား အသေးစိတ်ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့က မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သော စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ကြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

ရပ်ရွာတည်ငြိမ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊တပ်မတော်၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြို့နယ်နှင့်ရပ်ကွက်များအတွင်း အကြမ်းဖက်သူများ စိမ့်ဝင်လှုပ်ရှားမှုမရှိစေရေး အသေးစိတ်စစ်ဆေးဆောင်ရွက်ရန် ကိစ္စရပ်များ၊ CDM လှုပ်ရှားမှု၊ CRPH လှုပ်ရှားမှုနှင့် အကြမ်းဖက်လှုပ်ရှားမှုများကို ဦးစီးဦးဆောင် ဆောင်ရွက်နေသူများအား အမြန်ဆုံးဖမ်းဆီးရမိအောင် ဆောင်ရွက်ရန်နှင့် ဖမ်းဆီးရမိပါက ဥပဒေအရထိရောက်လျင်မြန်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ငွေကြေးများ ပုံမှန်လည်ပတ်နိုင်စေရန် မြို့နယ်အလိုက် ဘဏ်များပြန်လည်ဖွင့်လှစ်ကာ လုပ်ငန်းများလည်ပတ်နိုင်စေရေး လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊ COVID-19 ရောဂါကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးပြန်လည်တိုးတက်ကောင်းမွန်စေရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေများ၊ စီးပွားရေးနှင့် ဆက်နွှယ်လျက်ရှိသော လျှပ်စစ်စွမ်းအား လုံလောက်မှုရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးမြှင့်အသုံးပြုနိုင်ရေး၊ ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် တိုးမြှင့်သုံးစွဲနိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများ၊ အလတ်စားရေအားလျှပ်စစ်စီမံကိန်းများ ရရှိစေရေးအတွက် ကြိုးပမ်းရှာဖွေဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေး၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုများတိုးမြှင့်စေရေး၊ ခရီးသွားလုပ်ငန်း တိုးတက်စေရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေများကို ပြောကြားခဲ့ပြီး ကျန်းမာရေး၊ ပညာရေးတို့နှင့်ပတ်သက်၍ COVID-19 ရောဂါကာကွယ်ဆေးထိုးနှံမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများ၊ ကာကွယ်ဆေးများ လုံလောက်စွာထပ်မံရောက်ရှိလာမည့် အခြေအနေများ၊ ဆရာဝန်များအနေဖြင့် ကျင့်ဝတ်ပဋိညာဉ်များနှင့်အညီ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေများ၊ လာမည့်ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းများ၏ ဥပမိရိပ်ကောင်းမွန်စေရေး၊ လုံခြုံရေးတို့အတွက် နယ်မြေခံတပ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပညာရေးဝန်ကြီးဌာန အစီအမံဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဆရာ ဆရာမများအား လိုအပ်သည့် မွမ်းမံသင်တန်းများဖွင့်လှစ်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် လိုအပ်သည့်အကူအညီပေးအပ်ရေးကိစ္စရပ်များအား အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများ ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြေစီမံခန့်ခွဲမှုပေးနေသည့်ကိစ္စရပ်များကို အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease (COVID-19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးနေသည့် ကိစ္စရပ်များကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ ခေတ္တရပ်ဆိုင်းခဲ့မှုအပေါ် မတ် ၃၀ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခရိုင်/မြို့နယ်အလိုက်ရက်သတ်မှတ်၍ တစ်ပတ်လျှင် ရုံးဖွင့်ရက် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)နေ့များတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး မြေညီထပ်ကားပါကင် ဧရိယာတွင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ အပတ်စဉ် တနင်္လာနေ့တွင် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များအားလည်းကောင်း၊ ဗုဒ္ဓဟူးနေ့တွင် မြောက်ပိုင်းခရိုင် လှိုင်၊ ကမာရွတ်၊ မရမ်းကုန်း၊ လှိုင်သာယာ(အရှေ့ပိုင်း)၊ လှိုင်သာယာ(အနောက်ပိုင်း)၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်များအားလည်းကောင်း၊ သောကြာနေ့တွင် တောင်ပိုင်းခရိုင် ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဒလ၊ ဒေါပုံ၊ သာကေတ၊ ရန်ကင်း၊ တာမွေ၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ ကျောက်တန်းမြို့နယ်များနှင့် အနောက်ပိုင်းခရိုင် ဗဟန်း၊ စမ်းချောင်း၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ ပန်းဘဲတန်းမြို့နယ်များအားလည်းကောင်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အဆိုပါ မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုများ ဆောင်ရွက်ရာတွင် ယခင်မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် လျှောက်ထားဖွင့်လှစ်ထားရှိသော မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုများ အနက် စိစစ်ခွင့်ပြုဆောင်ရွက်ပြီးဖြစ်သည့် အမှုတွဲများကို ခွင့်ပြုထုတ်ပေးခြင်း၊ သတင်းစာကြော်ငြာနိုင်ရေး ဝန်ဆောင်မှုပေးခြင်း၊ ယခင် Manual ဖြင့် လျှောက်ထားသည့် အမှုတွဲများအနက် ခွင့်ပြုပြီး အမှုတွဲများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် e-Challen ဖြင့် ဝန်ဆောင်ခပေးသွင်းရန် ဆောင်ရွက်ပေးခြင်းနှင့် ယခင်လျှောက်ထားခဲ့သည့် အမှုတွဲများတွင် လိုအပ်ချက်များ တောင်းခံခြင်းအပေါ် ကာယကံရှင်က ပြန်လည်တင်ပြစိစစ်ခြင်းတို့ကိုသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အမှုတွဲအသစ်များဖွင့်လှစ်လျှောက်ထားခြင်းအား လက်ခံဆောင်ရွက်ခြင်းမပြုပါကြောင်း၊ Online စနစ်ဖြင့်သာ www.ycdc.gov.mm တွင် လျှောက်ထားရန်ဖြစ်ကြောင်း မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနက အသိပေးကြေညာထားသည်။

မြေစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများ ပြန်လည်ဖွင့်လှစ်မည့် မတ် ၃၀ ရက်သည် အင်္ဂါနေ့ ဖြစ်သော်လည်း အရှေ့ပိုင်းခရိုင်အား စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ချစ်ခြင်း၊ မုန်းခြင်းကင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သိကောင်းစရာများ (၁)

**မောင်ချစ်အေး**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သဘောထား

၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁) ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြားခဲ့သော အမှာစကားကောက်နုတ်ချက်အရ - မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် အဂတိတရားကင်းရှင်းစွာဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် NLD ပါတီမှ ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့် ပတ်သက်သူများအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရာတွင် ကောင်းမွန်စွာ ထားရှိစစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဖော်ထုတ်ရရှိသည့် ၎င်းတို့၏ ပြောကြားချက်များမှ အချို့ကို သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သလို ထပ်မံဖော်ထုတ်ရရှိမှုများကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း၊ အလားတူ အဂတိလိုက်စားမှုများ ကျူးလွန်ထားသည့် ပြည်နယ်/ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်ရှိ တာဝန်ရှိသူများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

### ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ဥပဒေများသာဖြစ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေမှာ ယခုမှအသစ်ပြဋ္ဌာန်းခြင်း မဟုတ်ပါ။ ဥပဒေအာဏာတည်ခဲ့သည့်နေ့မှာ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ဖြစ်ပါသည်။ ပထမအကြိမ်ပြင်ဆင်ခြင်းကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၂/၂၀၁၄) ဖြင့် ပုဒ်မလေးခုအား ပြင်ဆင်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြင်ဆင်ရာ၌ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၃/၂၀၁၆) ဖြင့်လည်းကောင်း၊ တတိယအကြိမ်ပြင်ဆင်ခြင်းအား ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၈/၂၀၁၇) ဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၀/၂၀၁၈)နှင့် ပုဒ်မ (၂၄) ခုအား ပြင်ဆင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဤဥပဒေများကို (မူကြမ်း) ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်များရယူကာ နိုင်ငံတကာ ဥပဒေများနှင့်လည်း ရင်ပေါင်တန်းနိုင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်များ ပေါ်ထွန်းလာစေရန် ချစ်ခြင်း၊ မုန်းခြင်း ကင်းရှင်းစွာဖြင့် ၂၀၁၃ ခုနှစ်ကပင် စတင်ရေးဆွဲပြဋ္ဌာန်းပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

> **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် နိုင်ငံတစ်ဝန်းတွင် အစိုးရဌာနများအပါအဝင် ပျံ့နှံ့လျက်ရှိသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်လက်တွဲ၍ အရေးယူတိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန် မျှော်မှန်းပါသည်။ ရည်ရွယ်ချက်များအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်နှင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ ဖြစ်ထွန်းလာစေရန် အဓိကဖြစ်။**

### ကော်မရှင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ကမ္ဘာ့ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာ ဖွဲ့စည်းထားရှိမှုများအရ ၂၀၁၀ ပြည့်နှစ် ဒီမိုကရေစီအစိုးရ ပေါ်ထွက်လာပြီးနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ဖွဲ့စည်းရန် စတင်ကြိုးပမ်းခဲ့ရာ ပထမအကြိမ် ကော်မရှင်အား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦး စုစုပေါင်း ၁၅ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် နေပြည်တော်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကို စတင်ဖွင့်လှစ်ခဲ့သည်။ ဒုတိယအကြိမ်ကော်မရှင်အား အစိုးရအဖွဲ့အပြောင်းအလဲဖြစ်ပြီးနောက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၂ ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ကိုးဦး စုစုပေါင်း ၁၁ ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဤကော်မရှင်အား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် စတင်တာဝန်ပေးအပ်ခဲ့ပြီး ယခင်အစဉ်အဆက် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ဥပဒေများအတိုင်း အရေးယူစီမံဆောင်ရွက်လျက်ရှိကြခြင်းဖြစ်ပါသည်။ ဥပဒေများ၊ နည်းဥပဒေများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများ မရှိဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

### လုပ်ငန်းတာဝန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အဓိကဖြစ်ပါသည်။ ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူ၍ အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်သွားရန်ဖြစ်ပြီး ပြည်သူများသို့လည်း အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း လုပ်ငန်းတာဝန်များကိုလည်း စီမံဆောင်ရွက်သွားရန် ဖြစ်ပါသည်။

### ကော်မရှင်၏မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် နိုင်ငံတစ်ဝန်းတွင် အစိုးရဌာနများအပါအဝင် ပျံ့နှံ့လျက်ရှိသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့် လက်တွဲ၍ အရေးယူတိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန် မျှော်မှန်းပါသည်။ ရည်ရွယ်ချက်များအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်နှင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ ဖြစ်ထွန်းလာစေရန် အဓိကဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ဘဏ္ဍာများ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် အကာအကွယ်ပေးရန်နှင့် အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်လည်း ရည်ရွယ်ပါသည်။

[မှတ်ချက်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများနှင့် ဆောင်ရွက်ချက်သိကောင်းစရာများ ဆက်လက်တင်ပြသွားပါမည်။]

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာအလိုက် ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစ၍ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ နံနက် ၁၁ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ 'ဝ' ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၁-၄-၂၀၂၁)မှ (၃၁-၇-၂၀၂၁)ထိ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁ | ကချင် | ၀၆:၀၀-၀၈:၀၀ နာရီ |
| ၂ | ကယား | ၀၈:၀၀-၁၀:၀၀ နာရီ |
| ၃ | စကောကရင် | ၁၀:၀၀-၁၁:၀၀ နာရီ |
| ၄ | အနောက်ပိုးကရင် | ၁၁:၀၀-၁၂:၀၀ နာရီ |
| ၅ | အရှေ့ပိုးကရင် | ၁၂:၀၀-၁၃:၀၀ နာရီ |
| ၆ | ချင်း(လိုင်ဇိုး) | ၁၃:၀၀-၁၄:၀၀ နာရီ |
| ၇ | ချင်း(ချိုး) | ၁၄:၀၀-၁၅:၀၀ နာရီ |
| ၈ | မွန် | ၁၅:၀၀-၁၇:၀၀ နာရီ |
| ၉ | ရခိုင် | ၁၇:၀၀-၁၉:၀၀ နာရီ |
| ၁၀ | ရှမ်း | ၁၉:၀၀-၂၁:၀၀ နာရီ |
| ၁၁ | 'ဝ' | ၂၁:၀၀-၂၃:၀၀ နာရီ |

❖ တိုင်းရင်းသားအစီအစဉ် ၁၁ ဘာသာအား နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၂၃:၀၀) နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့်လျက်ရှိပါသည်။

❖ (၄)လ တစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၂၂)ကြိမ်မြောက် ဖြစ်ပါသည်။

# မလေးရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုဒုတိယအဆင့်ကို ဧပြီ ၁၉ ရက်တွင် စတင်မည်

ကွာလာလမ်ပူ မတ် ၂၉
မလေးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုဒုတိယအဆင့်ကို ဧပြီ ၁၉ ရက်တွင် စတင်မည်ဖြစ်ကြောင်းနှင့် ရောဂါအခံရှိသူများ၊ မသန်စွမ်းသူများနှင့် အသက်အရွယ်ကြီးရင့်သူများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည့်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုဒုတိယအဆင့် စတင်မည့်ရက်၏ သီတင်းနှစ်ပတ် မတိုင်မီဖြစ်သည့် ဧပြီ ၅ ရက်မှစတင်ကာ အမည်စာရင်းပေးသွင်းရမှာဖြစ်ကြောင်း အမျိုးသား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်၏ ညှိနှိုင်းရေးဝန်ကြီး ဂျာမာလူဒင်က မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုဒုတိယအဆင့်တွင် လူဦးရေ ကိုးသန်းအား ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းထားလျက်ရှိပြီး မတ် ၂၈ ရက်အထိ ကာကွယ်ဆေးထိုးနှံရန် MySejahtera app မှတစ်ဆင့် မှတ်ပုံတင်ထားသူ နှစ်သန်းခန့်ရှိကြောင်း ဂျာမာလူဒင်က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုတတိယအဆင့်ကို မေလတွင် စတင်ရန် စီစဉ်ထားပြီး ယင်းအဆင့်တွင် အသက် ၁၈ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ
ဘာသာပြန်-အလင်းသစ်



# တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ဖိလစ်ပိုင်နိုင်ငံ လက်ခံရရှိ



မနီလာ မတ် ၂၉
ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံထံမှ ဝယ်ယူထားသည့် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမ အသုတ်ကို ယနေ့တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရောက်ရှိလာမှုအား ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တရုတ်သံအမတ် ဟောင်ရှီလျန်နှင့်အတူ မြို့တော်မနီလာရှိ လေတပ်အခြေစိုက်စခန်း၌ လက်ခံခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ လှူဒါန်းသည့် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုတ်နှစ်သုတ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလကတည်းက ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ကျန်းမာရေးဝန်ထမ်းများ၊ အသက်အရွယ်ကြီးရင့်သူများဖြင့် စတင်ခဲ့ပြီး ယခုနှစ်အတွင်း နိုင်ငံသား သန်း ၇၀ အထိ ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၁၆ ဦးရှိခဲ့ပြီး ယင်းအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလနောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအမြင့်ဆုံးဖြစ်ကြောင်းနှင့် လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၃၁၈၉၄ ဦးအထိ ရှိလာကြောင်း သိရသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၆ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၁၈၆ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမြင့်တက် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြိုလဲလုနီးပါးဖြစ်နေ

ဘရာဇီးလီးယား မတ် ၂၉
ဘရာဇီးနိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါ နေ့စဉ်ကူးစက်ဖြစ်ပွားမှုများသည် လွန်ခဲ့သည့်လကတည်းက မြင့်တက်နေပြီး နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပြိုလဲလုနီးပါးဖြစ်နေကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းစ်တက္ကသိုလ်မှ ထုတ်ပြန်သည့် အချက်အလက်များအရ မတ် ၂၈ ရက်တွင် ဘရာဇီးနိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေ ၉၀၀၀၀ ကျော်ရှိကြောင်း ဖော်ပြသည်။

ဘရာဇီးနိုင်ငံတွင် မတ် ၂၆ ရက်က ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးသူဦးရေ ၃၆၅၀ ရှိပြီး မတ် ၂၇ ရက်တွင် သေဆုံးသူဦးရေ ၃၄၃၈ ဦးရှိကာ ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ရောဂါဖြင့် နေ့စဉ်သေဆုံးသူဦးရေ အများဆုံးဖြစ်သည်။

ဘရာဇီးနိုင်ငံအတွင်းရှိ ပြည်နယ်များအားလုံး၏ ထက်ဝက်ကျော်နှင့် မြို့တော်ဘရာဇီးလီးယားရှိ အထူးကြပ်မတ်ကုသဌာနများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် လူနာများနှင့် ပြည့်နှက်နေကြောင်း ဘရာဇီး သုတေသနဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံတွင် မတ် ၂၈ ရက်အထိ နိုင်ငံလူဦးရေ၏ ၁ ဒသမ ၉ ရာခိုင်နှုန်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခဲ့ရသေးသည်။

နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ပြိုလဲလုနီးပါးရှိကြောင်း ကျွမ်းကျင်သူများက သတိပေးပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံတွင် ယခုနှစ် ဇူလိုင်လအတွင်း၌ ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူဦးရေသည် ၅၀၀၀၀၀ အထိ ရောက်ရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ဘရာဇီးနိုင်ငံ၏ ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူဦးရေသည် နောက်ဆုံးတွင် အမေရိကန်ပြည်ထောင်စု၏ အထက်တွင် ရောက်ရှိသွားနိုင်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

# ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နေမှုကြောင့် လူစုလူဝေးပြုလုပ်ခြင်းကို ပိတ်ပင်

အစ္စလာမ်မာဘတ် မတ် ၂၉
ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားခြင်းကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လူစုလူဝေးများစုဝေးခွင့်ကို ယမန်နေ့က စတင်တားမြစ်ခဲ့ကြောင်း အမျိုးသားလုပ်ငန်းဆိုင်ရာညွှန်ကြားမှုနှင့် ဆောင်ရွက်ရေးစင်တာမှ ပြောကြားသည်။

လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် သက်ဆိုင်သော လူစုလူဝေးပြုလုပ်ခြင်းများကို တားမြစ်ခဲ့ကြောင်း သိရသည်။ လက်ထပ်ပွဲများကျင်းပခြင်းကိုလည်း ဧပြီ ၅ ရက်အထိ ပိတ်ပင်ထားကြောင်း သိရသည်။ သို့သော် ပြည်နယ်များ အနေဖြင့် သက်ဆိုင်ရာပြည်နယ်များ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေအပေါ်မူတည်ပြီး ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို ဖြေလျှော့ပေးနိုင်ကြောင်း အဆိုပါစင်တာမှ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်နေသဖြင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် နိုင်ငံသားများအား ဝန်ကြီးချုပ် အင်မရန်ခန်းက ညွှန်ကြားခဲ့သည်။ အခုဖြစ်ပွားနေတဲ့ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဟာ ယခင်က ရောဂါဖြစ်ပွားမှုတွေထက် ပိုမိုပြင်းထန်ပါတယ်။ ဒါကြောင့် နိုင်ငံသားတွေအနေနဲ့ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းတွေဖြစ်တဲ့ နှာခေါင်းစည်းဝတ်ဆင်ခြင်းနဲ့ လူစုလူဝေးတွေကို ရှောင်ရှားခြင်းတို့ကို တိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်ဟု အင်မရန်ခန်းက ရုပ်မြင်သံကြားမိန့်ခွန်းတွင်ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၄၅၉၁ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၁၄၂၁၅ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ကမ္ဘောဒီးယားနိုင်ငံက နိုင်ငံသားများအား တစ်လလျှင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်သန်း ထောက်ပံ့ပေးမည်



ဖနောင်ပင် မတ် ၂၉
ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံသားများအား တစ်လလျှင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်လုပ်ဆောင်နိုင်ရန်နှင့် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှုတွင် အထောက်အပံ့ဖြစ်စေရန် ဆရာဝန်များကို ဗဟိုအာဏာပိုင်အဖွဲ့ အစည်းများက တာဝန်ခွဲဝေချထားပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ခဲ့ပြီး မတ် ၂၈ ရက်အထိ ဦးစားပေးအုပ်စုများမှ လူဦးရေ ၃၈၃၄၀၀ မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူထားပြီးဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရ၏ ထုတ်ပြန်ချက်တစ်ရပ်က ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinovac Biotech ထံမှ ဝယ်ယူထားသည့် Sionvac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မတ် ၂၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ထပ်မံရောက်ရှိခဲ့ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံလူဦးရေ ၁၆ သန်းရှိသည့်အနက် အနည်းဆုံး ၁၀ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၂၇၃ ဦး၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁ ဦးနှင့် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၁၇၂ ဦးရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# တရုတ်နိုင်ငံက လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ နီပေါနိုင်ငံ လက်ခံရရှိ



ခတ္တမန္ဒူ မတ် ၂၉
တရုတ်နိုင်ငံက နီပေါနိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လှူဒါန်းခဲ့ခြင်းကို ချီးကျူးဂုဏ်ပြုကြောင်း နီပေါဝန်ကြီးချုပ် ကေပီ ရှာမာအိုလီက ယနေ့ ပြောကြားသည်။

တရုတ်နိုင်ငံက ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာသည့်အတွက် နီပေါနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို အရှိန်အဟုန်ရစေခဲ့သည်။

နီပေါနိုင်ငံ ကျန်းမာရေးဝန်ကြီး ဟီဒရာရပ်ထရီပါသီက အိမ်နီးချင်းဖြစ်သော တရုတ်နိုင်ငံအပေါ် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံက အသွားအလာကန့်သတ်မှုများကို အချိန်အတော်ကြာသည်အထိ ချမှတ်ခဲ့ရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံအတွင်း ထပ်မံ၍ အသွားအလာကန့်သတ်မှု မချမှတ်ရစေရန်အတွက် ဆောင်ရွက်နေခြင်းကြောင့် ၎င်းလုပ်ငန်းအောင်မြင်စေရန် ယခု တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများက အကူအညီပေးမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယခုကဲ့သို့ နီပေါနိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လှူဒါန်းခြင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ကမ္ဘာ့ပြည်သူများသုံးစွဲရန် ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းဖြစ်စေရမည်ဟူသော တရုတ်နိုင်ငံ၏ သိက္ခာရှိသည့် ဆောင်ရွက်ချက်တစ်ရပ်သာ မဟုတ်ဘဲ နှစ်နိုင်ငံအနာဂတ် ဘုံအကျိုးစီးပွားအတွက် လက်တွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း နီပေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟူရန်ကီက ပြောကြားသည်။

နီပေါနိုင်ငံက ယခုလက်ခံရရှိခဲ့သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ အစွမ်းထက်မှုကြောင့် ကိုဗစ်-၁၉ ရောဂါကို ကျော်လွှားနိုင်ပြီး နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ပုံမှန်ပြန်လည်ရောက်ရှိလာမည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။ နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို ဇန်နဝါရီ ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံသား ၁ ဒသမ ၇ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံအနောက်ဂျာဗားပြည်နယ်ရှိ ရေနံချက်စက်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွား



ဂျကာတာ မတ် ၂၉
အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်ရှိ ရေနံချက်စက်ရုံတစ်ရုံ၌ ယနေ့နံနက် ၀၀:၄၅ နာရီက မီးလောင်မှုဖြစ်ပွားရာ လူသုံးဦး ပျောက်ဆုံးပြီး ငါးဦး အပြင်းအထန်ဒဏ်ရာရရှိကာ ဒေသခံလူ ၁၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လူသုံးဦး ပျောက်ဆုံးနေပြီး ငါးဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ပါတီမီနာဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် ကုသပေးနေကြောင်း အနောက်ဂျာဗားပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ဆောင်ရွက်ရေးဌာနမှ အကြီးအကဲ ဟာဒီ ရာမတ်က ပြောကြားသည်။

ယခုဖြစ်ပွားခဲ့သော မီးလောင်မှုသည် အင်ဒရာမာယူခရိုင်ဘလွန်ဂန်ရေနံချက်စက်ရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ ပီတီပါတီမီနာက ပြောကြားသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မသိရှိရသေးကြောင်းနှင့် မီးလောင်မှုဖြစ်ပွားချိန်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးများပစ်နေကြောင်း သိရသည်။ အဆိုပါရေနံချက်စက်ရုံသည် တစ်နေ့လျှင် ရေနံစည် ၁၂၅၀၀၀ ကို ထုတ်လုပ်နိုင်ပြီး မီးလောင်မှုဖြစ်ပွားခြင်းကြောင့် နိုင်ငံသားများအား လောင်စာဆီဖြန့်ဖြူးမှု ရပ်ဆိုင်းမသွားခဲ့ကြောင်း ပီတီ ပါတီမီနာက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မေလတွင် အရှိန်မြှင့်လုပ်ဆောင်မည်

တိုကျို မတ် ၂၉

ဂျပန်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မေလတွင် အရှိန်မြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ ဝန်ကြီး တာရိုကိုနိုက မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် စတင်မည်ဖြစ်သောကြောင့် ယင်းပြိုင်ပွဲမတိုင်မီ ဂျပန်နိုင်ငံ၏ ပြည်သူ ၁၂၆ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံအလောက်ရရှိစေရမည်ဟုလည်း ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဆူဂါက ကတိပြုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ဥရောပရှိ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစက်ရုံများမှ ကာကွယ်ဆေး ထောက်ပံ့မှုများ ကြန့်ကြာမှုဖြစ်ပေါ်လျက်ရှိသော်လည်း လာမည့်လများအတွင်း ကာကွယ်ဆေး ထိုးနှံမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် မျှော်လင့်ထားသည်။

ဂျပန်နိုင်ငံ၌ မေလအတွင်း သီတင်းတစ်ပတ်လျှင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀ သန်းထိုးနှံပေးနိုင်ရန် မျှော်လင့်ထားကြောင်း ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ ဝန်ကြီးတာရိုကိုနိုက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်လအတွင်းက အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် စတင်ခဲ့ပြီး လက်ရှိတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ကို အသုံးပြုခွင့်ဆိုင်ရာ အတည်ပြုချက်ရရှိရေး စောင့်ဆိုင်းနေကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၂၀ ဝယ်ယူရန် စီစဉ်ထားပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသုံးပြုမှုဆိုင်ရာ အတည်ပြုချက် မကြာမီရရှိမည်ဖြစ်ကြောင်း တာရိုကိုနိုက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၌ မတ် ၂၆ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၇၈၀၀၀၀ ရှိကြောင်း သိရသည်။



ကိုးကား-စီအင်န်အေ၊
ဘာသာပြန်-အလင်းသစ်
■

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄ ဒသမ ၅ သန်းကျော်ရှိလာ

မော်စကို မတ် ၂၉

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၇၁၁ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၅၂၈၅၄၃ ဦးအထိရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉၃ ဦးရှိခဲ့သဖြင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၉၈၀၃၃ ဦးနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၂၈၀ ရှိခဲ့သဖြင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၁၄၆၄၀၈ ဦးရှိကြောင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုဒဏ်အခံရဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၁၂ ဦးရှိခဲ့သဖြင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၂၄၁၆၃ ဦးရှိကြောင်း သိရသည်။ ရုရှားနိုင်ငံ၌ လူဦးရေ ၁၁၉ ဒသမ ၈ သန်းနီးပါးအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်းလည်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်





# တူရကီနိုင်ငံ၌ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း စတင်ဆောင်ရွက်

အန်စတန်ဘူလ် မတ် ၂၉

တူရကီနိုင်ငံ၌ တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အသက် ၆၀ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ယနေ့ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် ကင်ဆာရောဂါရှိသူများနှင့် မွေးရာပါကိုယ်ခန္ဓာဖွံ့ဖြိုးမှု နှေးကွေးသောရောဂါ ခံစားရသူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးရန် စာရင်းသွင်းမှတ်ပုံတင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ပါရန့်တင်ကိုကာက ပြောကြားသည်။

နိုင်ငံအတွင်း ဇန်နဝါရီလအလယ်မှ စတင်ဆောင်ရွက်ခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် တရုတ်နိုင်ငံ Sinovac Biotech ကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြင့်နိုင်ငံသားများအား ထိုးနှံပေးခဲ့သည်။ ပြီးခဲ့သောသီတင်းပတ်က Pfizer ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၄ သန်းကို တူရကီနိုင်ငံက လက်ခံရရှိခဲ့ကြောင်း သမ္မတအာဒိုဂန်က ပြောကြားသည်။

နိုင်ငံအတွင်း ဆောင်ရွက်နေသော ကာကွယ်ဆေးထိုးလုပ်ငန်းများကို မေ(သို့မဟုတ်) ဇွန်လတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၅ သန်းအား နိုင်ငံအတွင်း လက်ရှိအချိန်တွင် ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ နိုင်ငံအတွင်း ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၅၈ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၀၈၁၇၃ ဦး ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံအတွင်း သေဆုံးသူ ၃၁၀၇၆ ဦးရှိလာပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၉၅၇၀၉၃ ဦး ရှိလာခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၇၈၇၄၄၀၇ | ဦး |
| သေဆုံးသူ | ၂၇၉၇၆၉၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၃၀၆၇၁၀၂ | ဦး |

# မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဥက္ကလာဘူတာ ဝန်ထမ်းလိုင်းခန်းနှစ်ခန်းတွဲ မသမာသူများ၏ လက်ချက်ကြောင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၉
မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက်၌ ယနေ့နံနက် ၂ နာရီခန့်တွင် မသမာသူများက မီးရှို့ထားသော ခေတ်ဆီပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ အုပ်ချုပ်ရေးမှူးရုံးနှင့် ဥက္ကလာပဘူတာ ဝန်ထမ်းလိုင်းခန်းကြားသို့ ကျရောက်၍ မီးလောင်မှု ဖြစ်ပွားခဲ့ပြီး နံနက် ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ အနည်းငယ်သာ မီးလောင်ကျွမ်းခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းလိုင်းခန်းနှစ်ခန်းတွဲ သွပ်မိုးပျဉ်ထောင်တစ်လုံး (၄၀၅-စတုရန်းပေ)နှင့် နှစ်ခန်းတွဲ အိမ်သာတစ်လုံး(၃၆-စတုရန်းပေ) ကာလတန်ဖိုးကျပ် ၁၅ သိန်းခန့် ဆုံးရှုံးခဲ့ကာ လိုင်းခန်းတွင် နေထိုင်သော ဦးဆန်းရွှင် (ဘူတာစာရေးတာဝန်ခံ) ဥက္ကလာပဘူတာ၊ ဦးဇော်ထွန်းအောင် (ဘူတာစာရေး) ရန်ကုန်ဘူတာတို့၌ ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ အကြောင်းမဲ့ပျက်ကွက်လျက်ရှိပြီး နေအိမ်တွင် နေထိုင်ခြင်းမရှိသဖြင့် အိမ်ထောင်သုံးပစ္စည်းများ အားလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ထိုကဲ့သို့သော မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားက သက်ဆိုင်ရာ နယ်မြေ ရဲစခန်းသို့ ဥပဒေနှင့်အညီ အမှုဖွင့်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






## ကျိုက်ထိုမြို့နယ်၌ တရားမဝင် ကျွန်းသစ်တံခါးရွက်များ တင်ဆောင်လာသော မော်တော်ယာဉ်အား သိမ်းဆည်းရမိ

ကျိုက်ထို မတ် ၂၉
ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာ စစ်တောင်းတံတား (မုပ္ပလင်) အနီး၌ မတ် ၂၉ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီးမှ မွန်ပြည်နယ်သို့အဝင် စစ်ဆေးရေးစခန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ကျော်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးနှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဝေါမှ ကျိုက်ထိုသို့ ဝေလင်းဟန် လှိုင်ရပ်ကွက် မော်လမြိုင်မြို့နေသူ မောင်းနှင်ပြီး ၎င်း၏ဇနီး မသဲမူချို လိုက်ပါလာသော Light Truck ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းသစ်တံခါးရွက် (အရွယ်အစားမျိုးစုံ)အချပ် ၅၀၊ ခန့်မှန်း တန်ဖိုးဝက်ခန့်အား အပေါ်မှ ဖွဲ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည်ကို တွေ့ရှိခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ကျွန်းသစ်တံခါးရွက်များကို သယ်ဆောင်လာသူ ယာဉ်မောင်း ဝေလင်းဟန်အား သစ်တောဥပဒေအရ အရေးယူနိုင်ရန် သိမ်ဇရပ်မြို့ရှိ သစ်တောဦးစီးဌာနရုံးဝင်းသို့ ဖမ်းဆီး/ခေါ်ဆောင်၍ ကျွန်းသစ်တံခါးရွက်များကို တိုင်းတာစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

## မြိတ်မြို့နယ်၌ ငွေကျပ်သိန်း ၂၉၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ရပ်စောက်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၉
လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၇ ရက် ညနေ ၆နာရီခွဲခန့်တွင် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ ကျွဲကူး-ကျောက်ဖျာ တံတားထိပ်၌ သက်နိုင်ဦး မောင်းနှင်ပြီး အောင်နိုင်လတ်၊ သိန်းစိုးလင်း၊ မြတ်သူဟိန်းတို့ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ မတ် ၂၈ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ပူးပေါင်းအဖွဲ့က မြိတ်မြို့ အဝေးပြေးကားဝင်းရှိ ခရီးသည်တင် မော်တော်ယာဉ်ဂိတ်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် လူမဲ့ တန်ဆာကတ်ထုပ်ပုံး လာရောက်ရွေးယူနေသူ ကျော်ကျော် (ခ) အာကာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၂၉၄၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ မတ် ၂၆ ရက် ည ၇ နာရီတွင် ပင်ဖြစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု ပင်ဖြစ်-ဆပ်သေ ကျေးရွာ သွားကားလမ်းတွင် မသင်္ကာဖွယ် တွေ့ရှိသူ ကျော်လွင်ဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲမြန်ကြား



မြတ်သူဟိန်း၊ သိန်းစိုးလင်း၊ သက်နိုင်ဦး၊ အောင်နိုင်လတ်၊ ကျော်ကျော်(ခ)အာကာတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၉
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဒီမိုကရေစီပုံပြင်ဇာတ်လမ်းများ

**ကိုရေချမ်း**

ရှေးက အိပ်ရာဝင်ပုံပြင်၊ သားချော့ပုံပြင်တို့ကို ယနေ့လူကြီးများအားလုံး သိရှိမှတ်မိကြဦးမည် ဖြစ်သည်။ လူငယ်လူရွယ်များအနေဖြင့် သိရှိသူ နည်းပါးသွားပြီဟု ထင်သည်။ မွေးဖွားစမှ လူလား မမြောက်သေးသည့် ကလေးငယ်ဘဝအထိ လူကြီး မိဘများက ကလေးငယ်များအား ပုံပြောပြသည့် အလေ့အထရှိခဲ့ပါသည်။

အမေသည် သားငယ်အား ရင်ခွင်တွင် ပိုက်ထွေးပြီး နို့ချိုတိုက်ကျွေးရင်း ပြုံးတတ်၊ ရယ်တတ်၊ ကြည့်တတ်သည့်အချိန်မှစ၍ –

“ဖိုးလမင်းကြီးရေ . . . ထမင်းဆီဆမ်း၊ ရွှေလင်ပန်းနှင့်ပေးပါ . . ဝါး . . . ဝါး . . . ဝါး . . .”

အမေသည် ဖိုးလမင်းကြီးဆီသို့ မော့၍တောင်းဟန်ပေး၍ စားရဟန် ဝါး . . . ဝါး . . .ဝါး လုပ်ပြခဲ့သည်။ သားငယ် တစ်နေ့တခြား ဖွံ့ဖြိုးလာသည့် အရွယ်အလိုက် ကလေး နားမျက်စိနှင့် သင့်တော်အောင်–

“လူကလေးအိပ်ချိန်တန် ဗျိုင်းရှေ့ကပျံ” “ကြောင်ဖားကြီး ဖြီးတံတို” စသည့် ကလေးသိပ်၊ သားချော့စသည့် တေးသီချင်း၊ ကဗျာ၊ ပုံတိုပတ်စများဖြင့် မိခင်ဖြစ်သူက ရုပ်အာဟာရ နို့ချိုတိုက်ကျွေးခြင်းနှင့်အတူ အသိအာဟာရများကို ကျွေးမွေးပေးခဲ့ကြပါသည်။

### နီတိသဘောများ

လူမျိုးတကာတွင် ကိုယ့်အတွေး၊ ကိုယ့်ဒေသ၊ ကိုယ့်ဘာသာဖြင့် ဒဏ္ဍာရီပုံပြင်များ ထုတ်လွှတ်နေကြသူချည်း ဖြစ်ပါသည်။ ရှေးက မိဘဘိုးဘွားများ ပြောဆိုသွားသမျှ ဒဏ္ဍာရီပုံပြင်များကို စစ်တမ်းထုတ်လျှင် ဘဝလမ်းညွှန် မှာတမ်းသဖွယ် ဆောင်ရန်၊ ရှောင်ရန် နီတိသဘောများပင် ဖြစ်ပါသည်။ မွေးဖွားလာသော သားစဉ်မြေးဆက်တို့အား အတတ်၊ အသိအလိမ္မာ တိုးတက်ရေးအတွက် သင်ကြားပေးရန် ဘာသာရပ်သဖွယ် ဒဏ္ဍာရီပုံပြင် အလားဟု ယူဆဖွယ်ဖြစ်စေသည်။

လူ့အဖွဲ့အစည်းတွင် ကောင်းသောစေတနာဖြင့် ဒဏ္ဍာရီပုံပြင်များ ဖန်တီးခဲ့သူများရှိသလို မကောင်းသောစေတနာဖြင့် ဒဏ္ဍာရီပုံပြင်များ ဖန်တီးနေသူများလည်းရှိခဲ့၊ ရှိနေကြပါသည်။

**အပြုသဘောမဆောင်သော ထင်ယောင်ထင်မှားဖြစ်စေသည့် ဖန်တီးမှုများကို အသိဉာဏ်ရှိသူတို့က ချေဖျက်ကြသည်သာ ဖြစ်သည်။ ဆရာကြီးဦးဘချမ်းက ကလေးများအား တစ္ဆေသရဲ စိတ်ချောက်လှန့်ခြင်းကို ချေဖျက်ခဲ့သလို ဆရာဇဝနကလည်း ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်အချို့ဖြင့် နတ်အစွဲအလမ်းများကို ချေဖျက်ခဲ့ပါသည်။ မျက်မှောက်ကာလတွင် အချို့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက မဖြစ်နိုင်သော ပုံပြင်ဇာတ်လမ်းများဖြင့် လူတို့အား စည်းရုံးဆွဲဆောင်ဖြားယောင်းခြင်း၊ ချောက်လှန့်ခြင်း၊ ဖိအားပေးခြင်းတို့ ပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ထိုမှန်ကန်သော ပုံပြင်ဇာတ်လမ်းများကို ဖန်တီး၍ လူတို့အား လမ်းမှားရောက်အောင် ဖန်တီးနေမှုများကို တားဆီးကြရမည် ဖြစ်သည်။**

ပုံပြင်ဆိုသည်မှာ လူတို့၏ စိတ်ကို ဖမ်းစားထားသော စိတ်ကူးယဉ်ဇာတ်လမ်းသက်သက်သာ ဖြစ်ပါသည်။ အမှန်တကယ်မဟုတ်ဘဲ တကယ်အဟုတ်ဖြစ်သလိုလို လုပ်ကြံဇာတ်လမ်းဆင်ထားခြင်း ဖြစ်ပါသည်။ ယခုဆိုလိုချင်သော ပုံပြင်ဇာတ်လမ်းများမှာ နိုင်ငံရေးကလိမ်ချုံ အမှန်တကယ်မဟုတ်နိုင်သည့် အကြံပုံဇာတ်လမ်းများ ဖြစ်ပါသည်။ နိုင်ငံရေးပုံပြင်များကို အာဏာမက်မောသူများ၊ အာဏာလက်လွှတ်လိုက်ရသူများ၊ တည်ဆဲအစိုးရကို မလိုလားသူများ၊ တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးလုပ်လိုသူများက တမင်ဖန်တီး ပြုလုပ်ကြပါသည်။ ပုံပြင်ဇာတ်လမ်းများထွင်၍ မိမိတို့အာဏာရရှိရေးအတွက် ပေါ်လာသော လမ်းကြောင်းပေါ်လိုက်ကာ အလုပ်လုပ်နေကြသူများ ဖြစ်ပါသည်။

ပုံပြင်ဇာတ်လမ်းတို့ကို လေလှိုင်းများပေါ်မှ နိုင်ငံရေးဇာတ်လမ်း၊ ဇာတ်ကွက်များအဖြစ် ဖန်တီးခဲ့ကြပါသည်။ တစ်နည်းဆိုလျှင် မအောင်မြင်သော စိတ်ကူးယဉ်အစိုးရကို ဖန်တီးကြခြင်း ဖြစ်သည်။

**ထိုင်းနိုင်ငံ နယ်စပ်စခန်းတွင် လက်နက်ကိုင်အဖွဲ့များကလည်း ပြည်ပြေး စိန်ဝင်းတို့အဖွဲ့ကိုပြု၍ ပြည်ပမှ ဆရာကြီးများထံမှ အမြတ်ထုတ်ကြသည်။ ပြည်ပြေးစိန်ဝင်းတို့ကလည်း လက်နက်ကိုင်အဖွဲ့တို့၏ အရိပ်တွင်နေရသဖြင့် ခေါင်းပုံဖြတ်ခံရသည့် ကိစ္စများကိုမခံနိုင်၍ နည်းလမ်းရှာကြံကြသည်။ နယ်စပ်ဒေသရှိ ပြည်ပြေးအဖွဲ့များအကြား ဒေါ်လာဖြတ်စားမှုများ မကြာခဏ ပေါ်ပေါက်လာခဲ့သည်။ နောက်ဆုံးတွင် ပြည်ပြေးစိန်ဝင်းတို့အုပ်စုသည် ၁၉၉၂ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ သူလျှိုကြီးများနှင့် အဆက်အသွယ်ကောင်းကောင်းရရှိပြီး အမေရိကန်နိုင်ငံသို့ သွားရောက်လှုပ်ရှားခဲ့သည်။ Burma Peace Foundation အဖွဲ့တာဝန်ခံ သူလျှိုတစ်ဦးဖြစ်သူ David Amott ၏ အကူအညီဖြင့် ၁၉၉၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ်တွင် အခြေချခဲ့သည်။ ယခုအခါ အသက်အရွယ်အိုမင်းလာပြီး နိုင်ငံရေးဇာတ်လမ်းများကို မဖန်တီးနိုင်တော့ဘဲ အမေရိကန်နိုင်ငံတွင်သာ နေထိုင်လျက်ရှိ။**

အစောပိုင်းက ဗမာပြည်ကွန်မြူနစ်ပါတီသည် မြန်မာပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် လေလှိုင်းကြားမှ ဇာတ်လမ်းအမျိုးမျိုးကို တစ်ဖက်နိုင်ငံမှ လွှင့်ထုတ်ခဲ့ကြဖူးသည်။ ပြည်တွင်းမှ အမာခံများက မြေအောက်လှုပ်ရှားမှုများ၊ မြေပေါ်လှုပ်ရှားမှုများ၊ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများ၊ အဖျက်လုပ်ရပ်များလုပ်ကိုင်ကြသည်။ မြန်မာပြည်၏ ပထမဆုံး ဝန်ကြီးချုပ်ကြီးတစ်ဦးဖြစ်ခဲ့သူကလည်း တစ်ဖက်နိုင်ငံတွင် ခိုလှုံ၍ ပြည်ပြေးအစိုးရဖွဲ့စည်းပြီး နိုင်ငံတော်အာဏာပြန်ရရေး လုပ်ခဲ့သေးသည်။

### စိတ်ကူးယဉ် နိုင်ငံရေးပုံပြင်ဇာတ်လမ်းများ

တကယ်မဟုတ်သော စိတ်ကူးယဉ် နိုင်ငံရေးပုံပြင်ဇာတ်လမ်းများကို ထုတ်နုတ်ပြရမည်ဆိုလျှင် တစ်ထောင့်တစ်ညပုံပြင်မက ရှည်လျားသွားနိုင်သည်။ မြန်မာနိုင်ငံမှ နိုင်ငံရေးခေါင်းဆောင်အချို့၏ စိတ်ကူးယဉ်အိပ်မက်များမှာ ပုံပြင်ဆန်ဆန်သာ ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတော်တွင် အာဏာရရှိခဲ့ဖူးပါသည်။ ၎င်းတို့ နိုင်ငံ့တာဝန်ယူခဲ့သည့် ကာလက တိုင်းပြည် သိသိသာသာ ပြောင်းလဲတိုးတက်အောင် လက်တွေ့လုပ်ပြနိုင်ခြင်း မရှိပေ။ နိုင်ငံရေးခေါင်းဆောင်တို့သည် တိုင်းပြည်တိုးတက်အောင် လက်တွေ့လုပ်မပြခဲ့ဘဲ စိတ်ကူးယဉ်ပုံပြင်များ ပြောခြင်းဖြင့်သာ ဘဝတစ်ခန်းရပ်သည်အထိ အချိန်ကုန်ဆုံးခဲ့သည်ကို ပြည်သူများအနေဖြင့် အမှန်ရှာဖွေကြည့်လျှင် တွေ့မြင်နိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် စိတ်ကူးယဉ်ပုံပြင်များ နိုင်ငံရေးဇာတ်ခုံတွင် တစ်ကျော့ပြန်ရောက်လာခဲ့သည်။ အမှန်တကယ်တွင် ဒီမိုကရေစီ နိုင်ငံရေးပါတီကြီးသည် “စကတည်းက ယဉ်သကို” ဆိုသကဲ့သို့ အာဏာ စိတ်ကူးယဉ်ပုံပြင်များကို ပါတီစထောင်စဉ်ကတည်းက အမျိုးမျိုးဖန်တီးခဲ့ကြသည်။ မှတ်မှတ်ထင်ထင်ဆိုရလျှင် ၁၉၉၀ ပြည့်နှစ်မှစတင်၍ နိုင်ငံရေးပုံပြင်ဇာတ်လမ်းများကို ဖန်တီးခဲ့ကြသည်။ ပြည်တွင်းတွင် ထိပ်တိုက်တွေ့ဆုံရေးများ ဖန်တီးပြီး အနောက်နိုင်ငံနှင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်သည့် လွတ်မြောက်နယ်မြေမှ ပြည်ပြေးအုပ်စုလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။ ၁၉၉၀ ရွေးကောက်ပွဲ အခြေအနေကို အကြောင်းပြု၍ ပြည်ပြေး ဒေါက်တာစိန်ဝင်းနှင့် အဖွဲ့သည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် နယ်စပ်ဒေသရှိ လက်နက်ကိုင်အဖွဲ့စခန်းအချို့သို့ သွားရောက်ခဲ့သည်။ ထိုစဉ်က ကျောင်းသားများ၊ နိုင်ငံရေးသမားများ လွတ်မြောက်ရာလမ်းမှာ အဆိုပါ နယ်စပ်ဒေသ နယ်မြေစိုးမိုးရေးမရှိခဲ့သော စခန်းများဖြစ်သည်။ ယခုအချိန်အထိလည်း လွတ်မြောက်ရာလမ်းအဖြစ် အချို့ ဆက်လက်အသုံးပြုနေသည်။

### ဒီမိုကရက်တစ်တပ်ပေါင်းစု

ထိုဒေသတွင် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) အဖွဲ့နှင့် ပြည်တွင်းမှ ထွက်ပြေးရောက်ရှိလာသော ဒေါက်တာစိန်ဝင်းအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ဒီမိုကရက်တစ်တပ်ပေါင်းစု (DFB) ဆိုသည့် အမည်သစ်ဖြင့် အဖွဲ့တစ်ခုဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဒေါက်တာစိန်ဝင်းဦးဆောင်သည့် အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ဆိုသည့်အဖွဲ့ကို တရားမဝင် ဖွဲ့စည်းခဲ့သည်။ ၎င်းပြည်ပြေးအစိုးရအဖွဲ့ဟု အမည်ပေးထားသောအဖွဲ့သည် (NDF) (စုပရင်း) ကောင်စီ၏ လက်အောက်ခံ ပြည်ပြေးအစိုးရဖြစ်ပြီး ကိစ္စအဝဝကို (NDF) (စုပရင်း) ကောင်စီ၏ သဘောတူညီချက်ရမှသာ ဆောင်ရွက်နိုင်သည်။ ဤသို့ဖြင့် ပြည်ပြေးစိန်ဝင်း ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်ပြေးတစ်စုသည် ခေတ်အဆက်ဆက် လက်နက်ကိုင်အဖွဲ့အပါအဝင် ထိုင်းနိုင်ငံနယ်စပ်ရှိ လက်နက်ကိုင်အဖွဲ့များ၏ လက်အောက်ခံဘဝသို့ ကျရောက်ခဲ့သည်။

အဆိုပါကိစ္စတို့နှင့်စပ်လျဉ်း၍ ဒေါက်တာစိန်ဝင်း၏ ပြည်ပြေးအစိုးရဆိုသည့်အဖွဲ့၌ ပူးပေါင်းပါဝင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွှေတောင်မြို့နယ်နှင့် ကမ္မမြို့နယ် ကိုယ်စားလှယ်နှစ်ဦးတို့က ၎င်းတို့၏ သဘောဆန္ဒအတိုင်း ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဗန်ကောက်မြို့ရှိ မြန်မာစစ်သံရုံးကို သတင်းပို့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာကာ ကိုယ်တွေ့ကြုံသမျှ ဖွင့်ဟပြောကြားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်းတစ်တိုင်းလျှင် ကိုယ်စားလှယ် နှစ်ဦးကျစီ စုဝေးခေါ်ယူပြီး နယ်စပ်ဒေသတွင် စင်ပြိုင်အစိုးရ ဖွဲ့စည်းမည်ဟု အကြောင်းပြသည်။ ထိုသို့ ခေါ်ယူသည်ကို ယုံကြည်ပြီး လိုက်ပါသွားခဲ့ကြသည်။ လက်နက်ကိုင်အဖွဲ့များနှင့် နယ်စပ်သို့ရောက်ရှိလာသော နိုင်ငံခြားသားများကို မျက်နှာချိုသွေး၍ နေခဲ့ကြရသည်။

### လျှို့ဝှက်ကတိများ ပေးခဲ့ရ

ဒေါက်တာစိန်ဝင်း ကိုယ်တိုင်ကလည်း မန္တလေးတွင် ပြုလုပ်ခဲ့သော အစည်းအဝေး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးသည့် စာရွက်များကိုပြပြီး ၎င်းတို့ဖွဲ့သော စင်ပြိုင်အစိုးရကို ကိုယ်စားလှယ် ၂၅၀ က ထောက်ခံသည့် လက်မှတ်များဟု လှည့်ပတ်ပြောကြားခဲ့သည်။ ဒေါက်တာစိန်ဝင်းတို့ လှည့်ဖြားသော အောက်လမ်းနည်းများမှာ ပေါ်လွင်ထင်ရှားလာသည့်အပြင် အာဏာမရမီကပင် အာဏာရပါက နယ်စပ်မှ လက်နက်ကိုင်အဖွဲ့အစည်းအပါအဝင် (DAB) အဖွဲ့များကို တရားဝင် အသိအမှတ်ပြု၍ နေရာပေးရေးအတွက် အလျှော့ပေးလက်ခံပြီး လျှို့ဝှက်ကတိများ ပေးခဲ့ရသည်။ ဤသို့ဖြင့် ပြည်ပြေး စိန်ဝင်းနှင့်အဖွဲ့သည် နယ်စပ်ဒေသ လက်နက်ကိုင်စခန်းများတွင် ပြည်ပြေးဇာတ်လမ်းများ စတင်ခဲ့သည်။

ထိုင်းနိုင်ငံ နယ်စပ်စခန်းတွင် လက်နက်ကိုင်အဖွဲ့များကလည်း ပြည်ပြေး စိန်ဝင်းတို့အဖွဲ့ကို ပြု၍ ပြည်ပမှ ဆရာကြီးများထံမှ အမြတ်ထုတ်ကြသည်။ ပြည်ပြေး စိန်ဝင်းတို့ကလည်း လက်နက်ကိုင်အဖွဲ့တို့၏ အရိပ်တွင်နေရသဖြင့် ခေါင်းပုံဖြတ်ခံရသည့်ကိစ္စများကို မခံနိုင်၍ နည်းလမ်းရှာကြံကြသည်။ နယ်စပ်ဒေသရှိ ပြည်ပြေးအဖွဲ့များအကြား ဒေါ်လာဖြတ်စားမှုများ မကြာခဏ ပေါ်ပေါက်လာခဲ့သည်။ နောက်ဆုံးတွင် ပြည်ပြေး စိန်ဝင်းတို့ အုပ်စုသည် ၁၉၉၂ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ သူလျှိုကြီးများနှင့် အဆက်အသွယ်ကောင်းကောင်းရရှိပြီး အမေရိကန်နိုင်ငံသို့ သွားရောက်လှုပ်ရှားခဲ့သည်။ **Burma Peace Foundation အဖွဲ့တာဝန်ခံ သူလျှိုတစ်ဦးဖြစ်သူ David Amott ၏ အကူအညီဖြင့် ၁၉၉၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ်တွင် အခြေချခဲ့သည်။ ယခုအခါ အသက်အရွယ်အိုမင်းလာပြီး နိုင်ငံရေးဇာတ်လမ်းများကို မဖန်တီးနိုင်တော့ဘဲ အမေရိကန်နိုင်ငံတွင်သာ နေထိုင်လျက်ရှိသည်။**

စာမျက်နှာ ၁၇ သို့ ○

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး လှိုင်းဘွဲ့မျိုးစေ့ထုတ်ခြံနှင့် ရွာသာအေးမွေးမြူရေးဇုန်တို့အား ကြည့်ရှုအားပေး

ဘားအံ မတ် ၂၉

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန လှိုင်းဘွဲ့မျိုးစေ့ထုတ်ခြံနှင့် ရွာသာအေးမွေးမြူရေးဇုန်တို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဖြည့်စွက်မှာကြား

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲ၊ လှိုင်းဘွဲ့မျိုးသန့်ခြံ၊ ခြံတာဝန်ခံရုံး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လှိုင်းဘွဲ့မျိုးစေ့ထုတ်ခြံတွင် စိုက်ပျိုးထားသော ဆင်းသုခ နွေစပါး မျိုးစေ့ထုတ်စိုက်ခင်း ခုနစ်ဧက၊ ပိုက်ဆံလျှော်စိုက်ခင်း ၁၅ ဧက စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် သိုလှောင်ရုံ၊ အခြောက်ခံစက်ရုံ၊ မျိုးစေ့သန့်စင်စက်လည်ပတ်မှုအခြေအနေနှင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အဆိုပါ မျိုးစေ့ထုတ်ခြံအဝင်လမ်း ကွန်ကရစ်လမ်းခင်းမည့်နေရာတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မျိုးစေ့ထုတ်ခြံအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်ရန်၊ တောင်သူများအား ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးစေ့များ ဖြန့်ဖြူးပေးသွားရန်၊ မျိုးစေ့သန့်စင်စက်ရုံတွင် ဒေသခံတောင်သူများ၏ မျိုးစပါးများ လာရောက်သန့်စင်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရွာသာအေးမွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး



ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်နှင့် မွေးမြူရေးဇုန်ကော်မတီဥက္ကဋ္ဌ ဒေါ်အေးနုတို့က ဇုန်အတွင်း မွေးမြူထားသော တိရစ္ဆာန်အမျိုးအစားနှင့် အရေအတွက်များ၊ လိုအပ်ချက်များနှင့် အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မွေးမြူရေးဇုန်အတွင်း မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(မြန်/ဆက်)

# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်း နယ်စပ်ဒေသကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်



မန်တုံ မတ် ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသကျေးရွာချင်းဆက်လမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၈၃ ဒသမ ၀၆၇ သန်းဖြင့် မန်တုံ-အူဆပ် - ကုန်းရောင်း-ကောင်းဆုံ- လွယ်ဆောင် - ပန်သျှိ- တောနေ - နမ့်ဟိုင်း (မိုင်းမော်) လမ်းပိုင်းအတွင်း မြေသားလမ်းနှစ်မိုင် ဖောက်လုပ်မှုအခြေအနေအား ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မန်တုံ-အူဆပ်-ကုန်းရောင်း-ကောင်းဆုံ-လွယ်ဆောင်-ပန်သျှိ-တောနေ-နမ့်ဟိုင်း (မိုင်းမော်)လမ်းသည် ၃၈ မိုင် ၂ ဖာလုံ ရှည်လျားကာ ယခင်က ကိုယ်ထူကိုယ်ထ ဆိုင်ကယ်လမ်းသာရှိခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုမှုအရ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ကာ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ မြေသားလမ်း ၃၃ မိုင်နှင့် အတက်၊ အဆင်းမတ်စောက်သော နေရာများတွင် ကျောက်လမ်း ၈ မိုင် ၄ ဖာလုံ ထည့်သွင်းဖောက်လုပ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ၅ မိုင် ၂ ဖာလုံအား နောင်ဘဏ္ဍာနှစ်များတွင် ဆက်လက်ဖောက်လုပ်နိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေကြယ်

○ စာမျက်နှာ ၁၅ မှ

ဒီမိုကရေစီအမည်ခံ၍ NCGUB ဟု ခေါင်းစဉ်ကြီးကြီးတပ်ထားသော်လည်း ပြည်ပြေးအစိုးရအဖွဲ့တွင် ဒေါက်တာစိန်ဝင်းအပါအဝင် အဓိကအဖွဲ့ဝင် လေးဦးသာရှိသည်။ ၎င်းတို့သည် စားဝတ်နေရေးအတွက် အလုပ်လုပ်စရာမလို၊ ထောက်ပံ့ပေးကမ်းခြင်းမှ ရရှိသည့်ငွေကိုသုံး၍ မြန်မာပြည်ဖျက် စိတ်ကူးယဉ်စီမံကိန်းကို ပြုလုပ်ခဲ့သည်။ ဥရောပနိုင်ငံများ၊ စကင်ဒီနေဗီးယားနိုင်ငံများမှ တာဝန်ရှိသူများနှင့် အဆက်အသွယ်ရအောင်ယူ၍ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းမှားများကိုပေးပြီး မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများက ပိုမိုဖိအားပေးရေး၊ ဝင်ရောက်စွက်ဖက်ရေးကိုသာ အချိန်ပြည့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြသည်။ ပြည်တွင်းရှိ NLD ခေါင်းဆောင်အခြေအနေကိုကြည့်၍ ၁၉၉၆ ခုနှစ်မှ စတင်၍ ပြည်ပြေးစိန်ဝင်းနှင့်အဖွဲ့သည် ပြည်ပတွင် ပိုမိုလှုပ်ရှားလာနိုင်ခဲ့သည်။ ပြည်ပ အဖွဲ့အစည်းများအကြား ပြည်တွင်း/ပြည်ပလှုပ်ရှားမှုများဖြင့် ဆက်သွယ်ပေါင်းကူးပေးခဲ့သည်။

ပြည်ပအထောက်အပံ့များ

ပြည်ပအထောက်အပံ့များဖြင့် အကျိုးအမြတ်ဖြစ်နေသော မြန်မာနိုင်ငံသား ဆန့်ကျင်လှုပ်ရှားသူများမှာ ဒီမိုကရေစီကိုအရေခြုံပြီး ပြည်သူလူထုကို အကြောင်းပြု၍၊ အာဏာရှင်ဆန့်ကျင်ရေးကို အကြောင်းပြု၍ ရှေးယခင်မှ ယနေ့ထက်တိုင်အောင် ဆန့်ကျင်လှုပ်ရှားနေကြဆဲ ဖြစ်သည်။ မြန်မာနိုင်ငံကို ဆန့်ကျင်လှုပ်ရှားနေကြသော ပြည်ပရောက်မြန်မာများသည် မြန်မာနိုင်ငံဆိုင်ရာ သံရုံးများ

**ယခုပြည်ပရောက်လှုပ်ရှားမှုများမှာ အစိုးရနှင့် ယှဉ်ပြိုင်လှုပ်ရှားရာတွင် အရှုံးပေါ်နိုင်သဖြင့် ၁၉၉၈ ခုနှစ်တွင် ထူးခြားသည့် လှုပ်ရှားမှုပြုလုပ်ရန် ဆွေးနွေးခဲ့သည်။ ၁၉၉၈ ခုနှစ်၏ တိုက်ပွဲခေါ်သံ ကြွေးကြော်သံကိုလည်း Make Break ဟု သတ်မှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း လူထုအုံကြွမှု၊ ကျောင်းသားလှုပ်ရှားမှုများ ဖြစ်လာနိုင်ကြောင်းနှင့် ဖြစ်ပေါ်လာအောင်လည်း ဖန်တီးရမှာဖြစ်ကြောင်း၊ ပြည်တွင်းရှိ NLD ပါတီခေါင်းဆောင်၏ဦးဆောင်မှုဖြင့် ဆောင်ရွက်နေကြောင်း၊ ဟန်ချက်ညီ လှုပ်ရှားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေအနေပေးလျှင် ပြည်တွင်းသို့ ဝင်ရောက်၍ NLD နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးကြသည်။**

ရှေ့တွင် ဆန္ဒပြခြင်း၊ မြန်မာအစိုးရအပေါ် ဆန့်ကျင်သည့် စာစောင်များ ထုတ်ဝေခြင်း၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို ပြုလုပ်လာကြသည်။ ယခုအခါတွင် မြန်မာနိုင်ငံ သံတမန်များဆိုင်ရာ နေရာများသို့ပင် ဝင်ရောက်၍ သံအမတ်ကြီးများအား ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းတို့ကိုပါ ပြုလုပ်လာကြသည်။

ဤဇာတ်လမ်းများအတိုင်း ပြည်ပြေး စိန်ဝင်းတို့အဖွဲ့က ပြုလုပ်ခဲ့ကြသလို အနောက်နိုင်ငံများတွင် ပြုလုပ်ခဲ့ကြသည့် မြန်မာနိုင်ငံအစိုးရအပေါ် ဆန့်ကျင်ရေးဆွေးနွေးပွဲများဖြစ်မြောက်ရေးအတွက် အနောက်နိုင်ငံ အဖွဲ့အစည်းများက ထောက်ပံ့ကူညီပေးခဲ့သည်။ ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံမှ ပြည်ပြေးများ သာမက အမေရိကန်နိုင်ငံရေးလောကမှ ပုဂ္ဂိုလ်များကိုပါ ဖိတ်ခေါ်၍ မြန်မာအစိုးရအပေါ် ဖိအားပေးရန်၊ ကုလသမဂ္ဂနှင့် အနောက်နိုင်ငံကြီးများက အာရုံစိုက်လာစေရန် ဇာတ်လမ်းများ ဖန်တီးခဲ့ကြသည့်အပြင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တစ်ဖက်သတ်သတင်းများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများကို ပြည်တွင်းမှ ဖြန့်ဝေသည့်သတင်းများအရလည်းကောင်း၊ ပြည်ပအခြေစိုက်မီဒီယာများက ပေးသော သတင်းများအရလည်းကောင်း ပြုလုပ်လာကြသည်။

ထူးခြားသည့် အပြောင်းအလဲ

ပြည်ပြေး စိန်ဝင်းနှင့်အဖွဲ့သည် မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံအစိုးရက စီးပွားရေးကန့်သတ်မှု ဥပဒေချမှတ်ခဲ့သည့်အတွက် ဝမ်းသာထောက်ခံမှုကိုပြသသည့်ပွဲ ၁၉၉၇ ခုနှစ်တွင် ဝါရှင်တန်၌ ပြုလုပ်ခဲ့သည်။ သို့သော် ဤမျှဖြင့် ကျေနပ်နှစ်သက်ခြင်းမရှိဘဲ နှစ်ရှည်လများ လက်သပ်မွေး ထောက်ပံ့ပေးခဲ့ရသည်တို့ကို အကျိုးရှိအောင် နိုင်ငံရေးဇာတ်လမ်းကို ပြောင်းလဲဖော်ဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစတင်၍ အနောက်နိုင်ငံများမှ ထောက်ပံ့ပေးကမ်းလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုမက ရှိလာပြီဖြစ်၍ ထူးခြားသည့် အပြောင်းအလဲဇာတ်လမ်းဖန်တီးရန် ၁၉၉၈ ခုနှစ်တွင် မေရီလင်းပြည်နယ်ရှိ ပြည်ပြေးစိန်ဝင်း၏နေအိမ်တွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဒီမိုရေစီလှုပ်ရှားမှု ၁၀ နှစ်ပြည့်မြောက်ပြီးသည့် အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့သည်။

ပြည်ပရောက်လှုပ်ရှားမှုများ

ယခုပြည်ပရောက်လှုပ်ရှားမှုများမှာ အစိုးရနှင့် ယှဉ်ပြိုင်လှုပ်ရှားရာတွင် အရှုံးပေါ်နိုင်သဖြင့် ၁၉၉၈ ခုနှစ်တွင် ထူးခြားသည့် လှုပ်ရှားမှုပြုလုပ်ရန် ဆွေးနွေးခဲ့သည်။ ၁၉၉၈ ခုနှစ်၏ တိုက်ပွဲခေါ်သံ ကြွေးကြော်သံကိုလည်း Make Break ဟု သတ်မှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း လူထုအုံကြွမှု၊ ကျောင်းသားလှုပ်ရှားမှုများ ဖြစ်လာနိုင်ကြောင်းနှင့် ဖြစ်ပေါ်လာအောင်လည်း ဖန်တီးရမှာဖြစ်ကြောင်း၊ ပြည်တွင်းရှိ NLD ပါတီခေါင်းဆောင်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေကြောင်း၊ ဟန်ချက်ညီလှုပ်ရှားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေအနေပေးလျှင် ပြည်တွင်းသို့ ဝင်ရောက်၍ NLD နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးကြသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ ရေစကြိုမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

ရေစကြိုမြို့နယ် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လ၀က စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မဲရုံပေါင်း ၂၃၄ ရုံ | ၁၉၃၂၃၆ | ၁၈၃၂၉၇ | ၆၄၃၁ | ၁၂၂၉ | ၂၁၁၈၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။


၄။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၁ အုပ်စု၊ မဲရုံပေါင်း ၂၃၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၂၀၉၅၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၉၈၂၉၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၁၁၂၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၄၀၂၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၀၃၂၉၉ | ၁၄၈၈၂၁ | ၅၄၄၇၈ | ၄၇၃၇၇ | ၇၁၄၄ | ၄၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၀၀၈ | ၁၀၀၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၆၅၀ | | ၁၆၆၅၀ | ၁၆၆၅၀ | | |
| စုစုပေါင်း | | ၂၂၀၉၅၇ | ၁၄၉၈၂၉ | ၇၁၁၂၈ | ၆၄၀၂၇ | ၇၁၄၄ | ၄၃ |

၅။ ရေစကြိုမြို့နယ်၊ ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၁ အုပ်စုရှိ မဲရုံပေါင်း ၂၃၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၇၁၄၄ ပျောက်ဆုံးနေပြီး ၄၃ ပိုမိုသုံးစွဲထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိမှုနှင့် အသုံးပြုထားမှုမှာ ၁၀၀၈ ဖြစ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၁၆၆၅၀ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၁၆၆၅၀ ကျန်ရှိနေသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ၂၆-၁၀-၂၀၂၀ ရက်နေ့၊ ၂၇-၁၀-၂၀၂၀ ရက်နေ့နှင့် ၂၈-၁၀-၂၀၂၀ ရက်နေ့တို့တွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် ထုတ်ပေးခဲ့သော ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဦးကျော်နိုင်ဦး(ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးချမ်းမင်း(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ သရေစည်သူဦးစိုးမောင်(အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ)၊ ဦးတင်အောင်(ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးပိုက်ဌေး(ညီညွတ်သောဒီမိုကရက်တစ်ပါတီ)၊ ဦးလွင်မြင့်ဦး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် ဦးအောင်မြင့်ကြည် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)တို့၏ အမည်များပါဝင်သည့် ဆန္ဒမဲလက်မှတ်များမဟုတ်ဘဲ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဒေါ်တင်မိုးခိုင်(ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးမြင့်ဦး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးဝင်းကိုကို(ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးသန်းထွေး(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဦးအောင်ဆန်းဦး (ညီညွတ်သောဒီမိုကရက်တစ်ပါတီ)နှင့် ဦးအောင်သိန်းကျော် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)တို့၏ အမည်များပါဝင်သည့် ဆန္ဒမဲလက်မှတ်များကို မှားယွင်းစွာ ထုတ်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၆။ ထိုကဲ့သို့ မှားယွင်းထုတ်ပေးခဲ့သော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များသာ ပါရှိနေသည့် ဆန္ဒမဲလက်မှတ်များကို ၃၁-၁၀-၂၀၂၀ ရက်နေ့တွင် ဝါယာကျေးရွာအုပ်စု မဲရုံ အမှတ်(၅)၊ ငွေးဂုဏ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ပေကုန်းကျေးရွာအုပ်စု၊ ပညင်းကျေးရွာ မဲရုံအမှတ်(၃)၊ မောက္ကလန်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ခင်မွန် (ခေါ်) ခွေးမြုပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့တွင်လည်းကောင်း၊ ၁-၁၁-၂၀၂၀ ရက်နေ့တွင် ခင်မွန်(ခေါ်) ခွေးမြုပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် လည်းကောင်း၊ ၂-၁၁-၂၀၂၀ ရက်နေ့တွင် မြေဖြူမုံညင်းကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် လည်းကောင်း၊ ၃-၁၁-၂၀၂၀ ရက်နေ့တွင် မအူအောက်ဆိပ်ကျေးရွာအုပ်စု မဲရုံ အမှတ်(၃)တွင် လည်းကောင်း မှားယွင်းထုတ်ပေးခဲ့သဖြင့် မဲလက်မှတ်မှားယွင်းသူ ၂၇၈ ဦးနှင့် ဆန္ဒမဲပေးပြီးသူ ၆၆၇ ဦး၊ စုစုပေါင်းမဲဆန္ဒရှင် ၉၄၅ ဦးတို့ ဆန္ဒမဲပေးထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဆန္ဒမဲလက်မှတ် မှားယွင်းပေးထားသော ဆန္ဒမဲလက်မှတ် ၉၄၅ စောင်နှင့် လက်ကျန် ၅ စောင်ကို ရေစကြိုမြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိခဲ့ပါသည်။ ထို့ကြောင့် မဲဆန္ဒရှင် ၉၄၅ ဦးတို့အား မဲပေးခွင့်မဆုံးရှုံးစေရေး အသစ်တစ်ဖန် ပြန်လည်မဲပေးနိုင်ရန်အတွက် ဆန္ဒမဲလက်မှတ် ၉၅၀ စောင်(အုပ်ရေအားဖြင့် ၁၉ အုပ်)ကို ပြန်လည်အစားပေးခဲ့ပြီး အသစ်တစ်ဖန် ပြန်လည်မဲပေးခြင်းများ ဆောင်ရွက်စေခဲ့ပါသည်။ ထို့နောက် ရေစကြိုမြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားသည့် ဆန္ဒပြုထားခြင်းမရှိသေးသော ဆန္ဒမဲလက်မှတ်စာအုပ်အသစ်များကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သယ်ယူကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကျေးစာရေးများမှ ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်စာအုပ်များ၊ အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်စာအုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဆန္ဒမဲလက်မှတ်စာအုပ်များ စုစုပေါင်း ၁၀၈၇၀ အုပ်နှင့် တိုင်းရင်းသားလူမျိုး ဆန္ဒမဲလက်မှတ် ၄၉ စောင်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များပါဝင်ခြင်းမရှိဘဲ သက်ဆိုင်ခြင်းမရှိသည့် မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များသာ ပါရှိနေသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်)ကို စစ်ဆေးတွေ့ရှိခဲ့ပြီး ချိပ်ပိတ်ကာ ရေစကြိုမြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိပါသည်။ ယင်းသို့ ချိပ်ပိတ်သိမ်းဆည်းထားသော ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်)ကို ဖွင့်ဖောက်စစ်ဆေးခဲ့ပါသည်။ (မှတ်တမ်းဓာတ်ပုံများ ပူးတွဲဖော်ပြထားပါသည်။)




ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများပါဝင်သော မဲလက်မှတ်စာအုပ်များနှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပူးတွဲပါရှိနေသည့် ဆန္ဒမဲလက်မှတ်စာအုပ်များ။





ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများပါဝင်သော မဲလက်မှတ်စာအုပ်များနှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပူးတွဲပါရှိနေသည့် ဆန္ဒမဲလက်မှတ်စာအုပ်များ။

စာမျက်နှာ ၁၉ သို့ ❊

❊ စာမျက်နှာ ၁၈ မှ

၇။ ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ ချိပ်ပိတ်ထားသော ဆန္ဒမဲလက်မှတ် အိတ် ၅ အိတ်တွင် NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့်ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ်ချည်သောကြိုးဖြင့် တစ်ပါတည်းတွဲလျက်ချည်ထားပြီး ချိပ်ပိတ်ထားသည်ကို တွေ့ရှိရသည်။ NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားများ ချိတ်ဆွဲချိပ်ပိတ်ထားခြင်းဖြင့် NLD ရုံးမှ ပေးပို့သည့် မဲလက်မှတ်များဖြစ်နိုင်ပြီး မဲပေးရာတွင် မသမာမှုများပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ **(မှတ်တမ်းဓာတ်ပုံများ ပူးတွဲဖော်ပြထားပါသည်။)**

၈။ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-




ရေစကြိုမြို့နယ် ဆန္ဒမဲ ၅ အိတ်တွင် NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့်ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ်ချည်သောကြိုးဖြင့်တွဲ၍ ချိပ်ပိတ်လျက်တွေ့ရှိရစဉ်။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၃ | ၃၅၀၀ | ၂၇၁၇ | ၇၈၃ | ၆၃၃ | ၁၅၀ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂ | ၂၇၀၀ | ၂၀၁၄ | ၆၈၆ | ၆၈၆ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁ | ၈၅၀ | ၆၈၈ | ၁၆၂ | ၅၇ | ၁၀၅ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၂ | ၁၀၀၀ | ၇၄၀ | ၂၆၀ | ၆၀ | ၂၀၀ | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၁ | ၁၁၀၀ | ၉၃၆ | ၁၆၄ | ၁၆၄ | | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၂ | ၂၅၅၀ | ၁၉၃၉ | ၆၁၁ | ၆၁၁ | | |
| ၇ | အမှတ်(၇)ရပ်ကွက် | ၂ | ၄၀၅၀ | ၂၈၄၀ | ၁၂၁၀ | ၈၆၀ | ၃၅၀ | |
| ၈ | အမှတ်(၈)ရပ်ကွက် | ၃ | ၄၁၅၀ | ၃၁၄၈ | ၁၀၀၂ | ၆၅၂ | ၃၅၀ | |
| ၉ | ကိုင်းကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၉၄ | ၃၅၆ | ၃၅၆ | | |
| ၁၀ | ကံသစ်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၅၄၅ | ၄၀၅ | ၂၅၅ | ၁၅၀ | |
| ၁၁ | ကံဦးကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၈၉ | ၃၁၁ | ၂၁၁ | ၁၀၀ | |
| ၁၂ | ကန်ဒေါင့်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၀၀ | ၄၅၀ | ၄၅၀ | | |
| ၁၃ | ကမ္ဘဲ့ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၉၁ | ၁၀၉ | ၁၀၉ | | |
| ၁၄ | ကြီးကန်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၆၄၅ | ၅၀၅ | ၄၀၅ | ၁၀၀ | |
| ၁၅ | ကိုရင့်ကျေးရွာအုပ်စု | ၅ | ၂၄၀၀ | ၁၅၇၉ | ၈၂၁ | ၇၂၁ | ၁၀၀ | |
| ၁၆ | ကမ်းဖြူကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၅၆၅ | ၈၃၅ | ၈၃၇ | | ၂ |
| ၁၇ | ကွေ့ထောင့်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၇၉ | ၃၇၁ | ၃၇၁ | | |
| ၁၈ | ကျောက္ကာကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၈၉ | ၄၁၁ | ၃၆၁ | ၅၀ | |
| ၁၉ | ကိုင်းမကြီးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၈၄ | ၄၁၆ | ၃၃၈ | ၇၈ | |
| ၂၀ | ကြူရွာကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၇၈၀ | ၉၂၀ | ၉၂၀ | | |
| ၂၁ | ကုက္ကိုစုကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၉၈ | ၂၀၂ | ၂၀၂ | | |
| ၂၂ | ကြက်ဆူကျင်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၂ | ၂၃၈ | ၂၃၈ | | |
| ၂၃ | ခွေးမြှုပ်ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၁၀၂၁ | ၂၂၉ | ၂၂၉ | | |
| ၂၄ | ငွေးဂုဏ်ကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၂၆၃၅ | ၇၆၅ | ၆၀၅ | ၁၆၀ | |
| ၂၅ | ငါးလန်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၈၀ | ၃၇၀ | ၃၂၀ | ၅၀ | |
| ၂၆ | ငါးမြာကြီးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၂၉၆ | ၂၅၄ | ၂၀၄ | ၅၀ | |
| ၂၇ | တေရော်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၅၀၂ | ၃၉၈ | ၃၉၉ | | ၁ |
| ၂၈ | စဦးကိုင်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၃၃ | ၄၁၇ | ၃၁၇ | ၁၀၀ | |
| ၂၉ | စည်သာကျေးရွာအုပ်စု | ၆ | ၄၁၅၀ | ၂၉၄၈ | ၁၂၀၂ | ၁၂၀၆ | | ၄ |
| ၃၀ | ဆင်ခြေယာကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၇၅၈ | ၉၄၂ | ၈၄၂ | ၁၀၀ | |
| ၃၁ | ဆင်တဲကျေးရွာအုပ်စု | ၅ | ၄၆၀၀ | ၃၃၃၂ | ၁၂၆၈ | ၁၀၆၈ | ၂၀၀ | |
| ၃၂ | ဆင်မရဲကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၀၁၄ | ၆၈၆ | ၄၈၆ | ၂၀၀ | |
| ၃၃ | ဆင်ချောင်းကျေးရွာအုပ်စု | ၅ | ၄၁၅၀ | ၃၁၀၉ | ၁၀၄၁ | ၁၀၄၁ | | |
| ၃၄ | ဆားလင်းကုန်းကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၁၇၃ | ၇၂၇ | ၇၆၃ | | ၃၆ |
| ၃၅ | ဇီးကျွန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၄ | ၂၆၆ | ၂၆၆ | | |
| ၃၆ | ဇယမကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၁၉ | ၃၈၁ | ၃၂၉ | ၅၂ | |
| ၃၇ | ဇီးကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၃၆ | ၂၆၄ | ၁၁၄ | ၁၅၀ | |
| ၃၈ | ဇီးတောကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၇၂၉ | ၄၂၁ | ၄၂၁ | | |
| ၃၉ | ညောင်တောကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၆၇၉ | ၅၇၁ | ၄၂၁ | ၁၅၀ | |
| ၄၀ | ညောင်ဇောက်ကျေးရွာအုပ်စု | ၄ | ၅၁၀၀ | ၃၇၀၉ | ၁၃၉၁ | ၁၃၄၁ | ၅၀ | |
| ၄၁ | တောင်ဦးကျေးရွာအုပ်စု | ၅ | ၅၅၀၀ | ၃၆၅၅ | ၁၈၄၅ | ၁၆၄၇ | ၁၉၈ | |
| ၄၂ | ထန်းငယ်တောကျေးရွာအုပ်စု | ၇ | ၅၄၀၀ | ၄၁၇၂ | ၁၂၂၈ | ၁၀၇၇ | ၁၅၁ | |
| ၄၃ | ထန်းတိုကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၉၉ | ၁၅၁ | ၁၀၁ | ၅၀ | |
| ၄၄ | ထန်းဆယ်ပင်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၂၁၀ | ၂၄၀ | ၄၀ | ၂၀၀ | |
| ၄၅ | နိပဆေးတောကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၉၉ | ၅၅၁ | ၅၅၁ | | |
| ၄၆ | နန်းဦးကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၇၉၅ | ၇၀၅ | ၅၀၅ | ၂၀၀ | |
| ၄၇ | နွယ်နီကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၃၂ | ၅၆၈ | ၅၆၈ | | |
| ၄၈ | နေရင်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၇၀၄ | ၇၉၆ | ၄၉၆ | ၃၀၀ | |
| ၄၉ | နတ်ညွှန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၄၃ | ၃၀၇ | ၃၀၇ | | |
| ၅၀ | နှောင်းဘကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၈၇၄ | ၄၇၆ | ၄၇၆ | | |
| ၅၁ | ပရိမ်သာကျေးရွာအုပ်စု | ၄ | ၂၉၉၉ | ၁၈၅၁ | ၁၁၄၈ | ၁၀၄၅ | ၁၀၃ | |
| ၅၂ | ပေကုန်းကျေးရွာအုပ်စု | ၄ | ၄၃၀၀ | ၃၂၁၉ | ၁၀၈၁ | ၉၈၁ | ၁၀၀ | |
| ၅၃ | ပခန်းငယ်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၁၆၄ | ၇၈၆ | ၆၅၂ | ၁၃၄ | |
| ၅၄ | ပခန်းကြီးကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၃၃၀၉ | ၇၄၁ | ၅၉၃ | ၁၄၈ | |
| ၅၅ | ဖြိဘကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၇၇၅ | ၁၁၂၅ | ၆၂၅ | ၅၀၀ | |
| ၅၆ | ဗလဘကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၃၈ | ၄၁၂ | ၄၁၂ | | |
| ၅၇ | ဘုန်းတော်ပြည့်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၇၆၂ | ၈၃၈ | ၈၃၄ | ၄ | |
| ၅၈ | ဘောင်ဘဲ့တန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၆၁၅ | ၃၃၅ | ၃၃၅ | | |
| ၅၉ | မအူအလယ်ကျေးရွာအုပ်စု | ၂ | ၃၅၅၀ | ၂၄၁၀ | ၁၁၄၀ | ၈၂၈ | ၃၁၂ | |

စာမျက်နှာ ၂၀ သို့ ❊

## ပြည်တွင်းရေးရာ

❀ စာမျက်နှာ ၁၉ မှ

| စဉ် | ရပ်ကွက်/ကျေးရွာ အုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၆၀ | မအူအောက်ဆိပ်ကျေးရွာ အုပ်စု | ၃ | ၃၀၅၀ | ၂၃၄၅ | ၇၀၅ | ၅၀၅ | ၂၀၀ | |
| ၆၁ | မြေဖြူ/မုံညင်းကျေးရွာ အုပ်စု | ၅ | ၆၈၀၀ | ၅၂၇၃ | ၁၅၂၇ | ၁၅၂၇ | | |
| ၆၂ | မြေဖြူကျင်းကျေးရွာ အုပ်စု | ၄ | ၂၅၀၀ | ၁၉၁၃ | ၅၈၇ | ၄၇၀ | ၁၁၇ | |
| ၆၃ | မြေတော်ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၉၆၅ | ၉၃၅ | ၈၃၅ | ၁၀၀ | |
| ၆၄ | မီးလောင်ကျွန်းကျေးရွာ အုပ်စု | ၃ | ၁၆၅၀ | ၁၀၈၅ | ၅၆၅ | ၅၆၅ | | |
| ၆၅ | မြေစွန်းတော်ကျေးရွာ အုပ်စု | ၃ | ၂၉၅၀ | ၂၂၇၃ | ၆၇၇ | ၄၇၅ | ၂၀၂ | |
| ၆၆ | မိုးကွဲကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၈၅ | ၅၁၅ | ၄၁၅ | ၁၀၀ | |
| ၆၇ | မိဖုယားကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၆၀၄ | ၇၉၆ | ၇၉၆ | | |
| ၆၈ | မောက္ကလန်ကျေးရွာ အုပ်စု | ၃ | ၂၂၀၀ | ၁၅၁၃ | ၆၈၇ | ၅၈၇ | ၁၀၀ | |
| ၆၉ | မင်းကန်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၉၂၆ | ၁၇၄ | ၁၇၄ | | |
| ၇၀ | မင်းရွာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၅၆ | ၂၄၄ | ၂၄၄ | | |
| ၇၁ | ရွာထောင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၈၀၅ | ၅၉၅ | ၅၉၅ | | |
| ၇၂ | ရွာသစ်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၅၁၉ | ၅၃၁ | ၅၃၁ | | |
| ၇၃ | ရေယှားကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၅၄ | ၁၉၆ | ၁၉၆ | | |
| ၇၄ | ရပ်သာကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၆၆ | ၄၈၄ | ၄၈၄ | | |
| ၇၅ | လေးယာပြည့်ကျေးရွာ အုပ်စု | ၁ | ၇၀၀ | ၄၇၁ | ၂၂၉ | ၇၉ | ၁၅၀ | |
| ၇၆ | ဝါဘိုးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၀၃ | ၁၉၇ | ၁၉၇ | | |
| ၇၇ | ဝက္ကတောကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၂၇ | ၆၇၃ | ၆၃၂ | ၄၁ | |
| ၇၈ | ဝါယာကျေးရွာအုပ်စု | ၅ | ၄၄၅၀ | ၃၃၈၄ | ၁၀၆၆ | ၁၀၆၅ | ၁ | |
| ၇၉ | သမန္တပိုကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၇၄ | ၄၂၆ | ၂၈၆ | ၁၄၀ | |
| ၈၀ | သာဂေါင်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၀၂ | ၄၉၈ | ၂၉၈ | ၂၀၀ | |
| ၈၁ | သစ်ကြီးတောကျေးရွာ အုပ်စု | ၂ | ၂၇၅၀ | ၂၁၆၃ | ၅၈၇ | ၄၈၇ | ၁၀၀ | |
| ၈၂ | သာစည်ကျေးရွာအုပ်စု | ၄ | ၃၈၅၀ | ၂၇၂၇ | ၁၁၂၃ | ၁၁၀၈ | ၁၅ | |
| ၈၃ | သရက်ပင်ကန်ကျေးရွာ အုပ်စု | ၂ | ၁၄၀၀ | ၁၀၈၇ | ၃၁၃ | ၃၁၃ | | |
| ၈၄ | သံပြာချောင်းကျေးရွာ အုပ်စု | ၂ | ၁၇၀၀ | ၁၂၈၀ | ၄၂၀ | ၄၂၀ | | |
| ၈၅ | သပြေပင်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၆၂ | ၂၃၈ | ၂၃၈ | | |
| ၈၆ | အလယ်ကျောကျေးရွာ အုပ်စု | ၂ | ၁၃၅၀ | ၉၇၂ | ၃၇၈ | ၃၄၅ | ၃၃ | |
| ၈၇ | အလယ်သောင်ကျေးရွာ အုပ်စု | ၄ | ၂၇၅၀ | ၂၀၄၇ | ၇၀၃ | ၄၅၃ | ၂၅၀ | |
| ၈၈ | အောင်နန်းကျေးရွာအုပ်စု | ၄ | ၂၂၅၀ | ၁၆၀၄ | ၆၄၆ | ၆၄၆ | | |
| ၈၉ | အောပ်ပန်းချောင်းကျေးရွာ အုပ်စု | ၁ | ၁၂၀၀ | ၇၃၁ | ၄၆၉ | ၄၆၉ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၃၄ | ၂၀၃၂၉၉ | ၁၄၈၁၂၁ | ၅၄၄၇၈ | ၄၇၃၇၇ | ၇၁၄၄ | ၄၃ |
| | မြို့နယ်ကြိုတင်မဲ | | ၁၀၀၈ | ၁၀၀၈ | | | | |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၁၆၆၅၀ | | ၁၆၆၅၀ | ၁၆၆၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၃၄ | ၂၂၀၉၅၇ | ၁၄၉၁၂၉ | ၇၁၁၂၈ | ၆၄၀၂၇ | ၇၁၄၄ | ၄၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




ရေစကြိုမြို့နယ်၊ ဆန္ဒမဲ(၅)အိတ်တွင်(NLD)အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့် ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ်ချည်သောကြိုးဖြင့်တွဲ၍ ချိပ်ပိတ်လျက်တွေ့ရှိရစဉ်။




ရေစကြိုမြို့နယ်၊ ဆန္ဒမဲ(၅)အိတ်တွင်(NLD)အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့် ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ်ချည်သောကြိုးဖြင့်တွဲ၍ ချိပ်ပိတ်လျက်တွေ့ရှိရစဉ်။

○ ညောင်ဦးမြို့မှ

ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကာ သောက်သုံးရေ အလှူရှင် ရန်ကုန်မြို့နေ ဒေါက်တာထွန်းလွင်ဦး မိသားစုက လှူဒါန်းသော ရေဂါလန် ၁၆၀၀ အား အလှူရှင်ကိုယ်စား ကျေးရွာနေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ကျေးရွာရှိ အိမ်ခြေအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကား

ရန်ကုန်မြို့တော်စည်ပင်သာယာဈေး ၁၈၄ ဈေး၌ ရောင်းသူ၊ ဝယ်သူများဖြင့်စည်ကားလျက်ရှိသည့်အပြင် လက်ကားဈေးကြီးများတွင်လည်း သား၊ ငါး၊ ကုန်စိမ်းများ ကုန်စည်စီးဆင်းမှုကောင်းမွန်လျက်ရှိရာ ဒလမြို့နယ် အောင်ဇေယျဈေးတွင် ဈေးရောင်း၊ ဈေးဝယ်များဖြင့်စည်ကားလျက်ရှိသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။

သတင်းစဉ်



# မတ် ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၈ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၉-၃-၂၀၂၁) ရက်နေ့ ည (၈:၀၀)နာရီ**

(၂၈-၃-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၉-၃-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၃၅,၅၉၀)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၉၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၉၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ



နေပြည်တော် မတ် ၂၉

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက် အတွင်းရှိ သံဃာတော် ၁၁၁ ပါးအား အဆိုပါကျောင်းတိုက်ရှိ သီရိမင်္ဂလာအနန္တဂုဏ်ရည်ငါးထပ်ကျောင်းဆောင်၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ



နေပြည်တော် မတ် ၂၉

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၂၂၃ ဦး၊ အတွင်းလူနာ ၄၁၈၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက်ပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၄၇၈၅ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၂၅၂၅ ဦး စုစုပေါင်း ၇၃၁၀ ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၅၈၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၉၄၅ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၅၀၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ကျန်းမာရေးအတွက် အရေးပါသော နေရောင်ခြည်

**တင်ထက်ထက်ဇော်**

မှတ်တမ်းများအရ အပူပိုင်းဒေသ သို့မဟုတ် ပူပြင်းသောရာသီတွင် အရွယ်ရောက်ပြီး ကျန်းမာရေးကောင်းသူတစ်ယောက်အဖို့ အိပ်ပျော်နေစဉ် ထွက်လေ့ရှိသော ချွေးပမာဏသည် တစ်ညဥ့်လျှင် တစ်လီတာအထိ ထွက်ရှိနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် သက်ရှည်ကျန်းမာစေရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် သင့်အိပ်ရာကို ဂရုစိုက်ပေးရန် အထူးလိုအပ်သည်။




**ဆေးသိပ္ပံပညာရှင်များ၏ လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ အပူပိုင်းဒေသ သို့မဟုတ် ပူပြင်းသောရာသီတွင် အရွယ်ရောက်ပြီး ကျန်းမာရေးကောင်းသူတစ်ယောက်အဖို့ အိပ်ပျော်နေစဉ် ထွက်လေ့ရှိသော ချွေးပမာဏသည် တစ်ညဥ့်လျှင် တစ်လီတာအထိ ထွက်ရှိနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် သက်ရှည်ကျန်းမာစေရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် သင့်အိပ်ရာကို ဂရုစိုက်ပေးရန် အထူးလိုအပ်သည်။**

ဗြိတိန်နိုင်ငံ၌ပြုလုပ်ခဲ့သော လေ့လာမှုတစ်ရပ်အရ ဗီတာမင်-ဒီ သည် ကိုရိုနာဗိုင်းရပ်စ်အား ကောင်းစွာကာကွယ်နိုင်သည်ဟု တွေ့ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။ ငါးနှင့် မှိုများ စားသုံးပါက ဗီတာမင်-ဒီ ကို ရရှိနိုင်သည့်အပြင် အရေပြားနှင့် နေရောင်ခြည်ကို တိုက်ရိုက်ထိတွေ့လျှင်လည်း ရရှိနိုင်သည်။ ဗီတာမင်-ဒီ သည် ခန္ဓာကိုယ်အတွက် အရေးကြီးသည့် သက်စောင့်ဓာတ်တစ်မျိုး ဖြစ်သည်။ ဗြိတိန်အမျိုးသားကျန်းမာရေးဌာနနှင့် အမေရိကန်သိပ္ပံပညာရှင်များ ပူးပေါင်းပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ရပ်ထဲတွင် အမေရိကန်နိုင်ငံအတွင်းရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများအား ဗီတာမင်-ဒီ ကြွယ်ဝမှု အခြေအနေအပါအဝင် အခြေခံ၍လေ့လာခဲ့ရာတွင် ဗီတာမင်-ဒီ ကြွယ်ဝသူများသည် ကိုရိုနာဗိုင်းရပ်စ်အား တိုက်ဖျက်ရာတွင် နာလန်ထမှု ပိုမိုမြန်ဆန်ကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် နယ်သာလန်နိုင်ငံရှိ အမ်စတာဒမ်တက္ကသိုလ်မှ ပြုလုပ်ခဲ့သော လေ့လာမှုတစ်ရပ်အရ ဗီတာမင်-ဒီ ချို့တဲ့သူများသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပါက ၎င်းဓာတ်ကြွယ်ဝသူများထက် သေဆုံးနိုင်ခြေ နှစ်ဆ ပိုမိုမြင့်မားသည်ဟုလည်း အတည်ပြုခဲ့သည်။

နံနက် ၇ နာရီမှ ၉ နာရီအတွင်း ခရမ်းလွန်ရောင်ခြည် အသင့်အတင့်ပါရှိသော နေရောင်ခြည်အောက်တွင် နေပူဆာလှုံသင့်သည်။ လူတစ်ဦးနှင့်တစ်ဦး မွေးရာပါအသားအရောင်ကွဲပြားမှုသည် ကော်လာဂျင်ဓာတ်တစ်မျိုးကြောင့်ဖြစ်၍ အသားဖြူသူက အချိန် ၁၅ မိနစ်ကြာ နေပူဆာလှုံသင့်ပြီး အသားညိုသူက ၂၅ မိနစ်ခန့် နေပူဆာလှုံသင့်ကာ အသားမည်းသူက နာရီဝက်ကြာ နေပူဆာလှုံသင့်သည်။ ထိုသို့ နေပူဆာလှုံခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်-ဒီ ကို အလုံအလောက်ရရှိစေသည်။ ဗီတာမင်-ဒီ ချို့တဲ့ပါက ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေ ၅၀ ရာခိုင်နှုန်းကျော် ပိုများကြောင်း သိပ္ပံဆိုင်ရာ သုတေသနတစ်ရပ်၌ လေ့လာတွေ့ရှိရသည်။

သံသယလူနာပေါင်း ၁၉၀၀၀၀ ကိုလေ့လာသုတေသနပြုရာတွင် ပိုးတွေ့လူနာများ၏ ၁၃ ရာခိုင်နှုန်းက သာမန်ထက်ပို၍ အာဟာရချို့တဲ့မှု ရှိနေကြောင်း တွေ့ရှိရပြီး ဗီတာမင်-ဒီ ချို့တဲ့လျှင်မှု ကိုဗစ်-၁၉ အတွက် ကူးစက်ခံရနိုင်ခြေ ၅၄ ရာခိုင်နှုန်း ပိုများကြောင်း အဖြေထုတ် နိုင်ခဲ့သည်။ ထို့ပြင် လူ့ခန္ဓာကိုယ်အတွင်း၌ ဗီတာမင်-ဒီ လုံလုံလောက်လောက် ရှိနေပါက တုပ်ကွေးနှင့် SARS-CoV ရောဂါများမှ ကာကွယ်နိုင်စွမ်းရှိကြောင်းကိုလည်း တွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။

**ကိုဗစ်-၁၉ ကာကွယ်ဖို့ သင့်အိပ်ရာကို နေပူလှန်းစေလို**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ၏ အကြံပြုချက်အရ နေရောင်ခြည်က ကိုဗစ်-၁၉ ပိုးအပါအဝင် ကူးစက်ဗိုင်းရပ်စ်ပိုးအများစုကို နှိမ်နင်းနိုင်ကြောင်း သိရသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ကာကွယ်ဖို့ မွေ့ရာ၊ အိပ်ရာခင်း၊ ဖျာ၊ စောင်၊ ခေါင်းအုံးများကို နေပူထုတ်လှန်းကြစေလိုပါသည်။ နေပူလှန်းသည်ဆိုရာ၌ နေရောင်ပြပြီး ပြန်သိမ်းခြင်းကို မဆိုလိုပေ။ မှန်ကန်သော နေပူလှန်းခြင်းမှာ နေပူချစ်ချစ်တောက်တွင် မွေ့ရာ၊ အိပ်ရာခင်း၊ ဖျာ၊ စောင်၊ ခေါင်းအုံးများကို အပေါ်နှင့်အောက် တစ်လှည့်စီ နေလှန်းပြီးနောက် တုတ်တစ်ချောင်းဖြင့် ရိုက်ခါပေးရပါမည်။ ထိုမှသာ မျက်စိဖြင့် မမြင်နိုင်သည့် ကပ်တွယ်နေသော ပိုးမွှားများ၊ ဖုန်မှုန့်များ ပပျောက်သွားနိုင်ပါသည်။ ဖြစ်နိုင်လျှင် အနည်းဆုံး ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်ခြင်းဖြင့် မိမိနှင့် မိသားစုကျန်းမာရေးကို စောင့်ရှောက်သင့်ပါသည်။

လူတိုင်း တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် ပျမ်းမျှ တစ်နေ့နှစ်ကြိမ် ရေချိုးကြသော်လည်း၊ အဝတ်အဟောင်းများကို နေ့စဉ် အသစ်လဲလှယ်ဝတ်ဆင်ကြသော်လည်း လူအများစုက အိပ်စက်ရာ ခေါင်းအုံးစွပ်၊ ခေါင်းအုံး၊ ဖျာ၊ အိပ်ရာခင်း၊ စောင်၊ မွေ့ရာ စသည်တို့တွင် သန့်ရှင်းမှု အားနည်းနေကြသည်။ အိပ်ပျော်နေစဉ် နာရီပေါင်းမြောက်မြားစွာ တစ်လျှောက်လုံး ခန္ဓာကိုယ်မှ အရေပြားဆဲလ်အဟောင်းများကွာကျခြင်း ၊ ပါးစပ်မှ သွားရည်ကျခြင်း၊ ချွေးထွက်ခြင်းများ ဖြစ်လေ့ရှိသည်။ ဆေးသိပ္ပံပညာရှင်များ၏ လေ့လာဆန်းစစ်မှု


**ခေါင်းအုံးစွပ်**

ခေါင်းအုံးစွပ်မှာ ဦးရေပြားမှထွက်သော အဆီ၊ ဆံပင်တွင် ကပ်ငြိနေသော အဆီနှင့် ချွေးများ၊ ခံတွင်းမှ စီးကျလာသောသွားရည် စသဖြင့် အညစ်အကြေးများစွာ စွန်းထင်းနေလေ့ရှိသည်။ ထို့ကြောင့် ခေါင်းအုံးစွပ်ကို အနည်းဆုံး ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် လျှော်ဖွပ်ပေးပါ။

**ခေါင်းအုံး**

လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ ခေါင်းအုံးစွပ်မှတစ်ဆင့် စွန်းထင်းနေသော အညစ်အကြေးများသည် ခေါင်းအုံးထဲသို့ ထိုးဖောက်ဝင်ရောက်ပြီးနောက် မှိုပိုးများ ကိန်းအောင်းပျော်ရွှင်ရာ နိဗ္ဗာန်ဘုံကြီး ဖြစ်နေသည်။ အထူးသဖြင့် အေး၍ စိုစွတ်သော မိုးရာသီတွင် ခေါင်းအုံးများ စိုထိုင်းထိုင်းဖြစ်တတ်ပြီး မှိုနံ့ထွက်လာသည်။ထို့ကြောင့် ခေါင်းအုံးကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် နေပြင်းပြင်းပြပါ၊ နေပူရှိန်ကောင်းစွာ ရအောင် ခေါင်းအုံးကို အပေါ်နှင့် အောက်ဘက် တစ်လှည့်စီ နေပူလှန်းပြီးနောက် လက်ဖြင့်ထုရိုက်၍ အမှုန်အမွှားများကို ခါထုတ်ပေးပါ။ **စာမျက်နှာ ၂၃ သို့** ◆





◆ စာမျက်နှာ ၂၂ မှ

**ဖျာ**

ဖျာကိုလည်း ခေါင်းအုံးကဲ့သို့ ရက်သတ္တ တစ်ပတ်လျှင် တစ်ကြိမ် သန့်ရှင်းရေးပြုလုပ်ပါ။

**အိပ်ရာခင်း**

အစွန်းအထင်းပေနေသော အိပ်ရာခင်းက အမြင်မတင့်တယ်သလို၊ ကျန်းမာရေးနှင့် လုံးဝ မညီညွတ်ပေ။ ပျမ်းမျှ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်နှုန်း လျှော်ဖွပ်ပေးပါ။ ကျန်းမာရေး သုတေသီများ၏ အကြံပြုချက်အရ အိပ်ရာခင်းကို ရေနွေးပူပူမှာစိမ်၍ အစွန်းချွတ်ဆေးထည့်သုံးခြင်းက ကူးစက်ဖက်တီးရီးယားပိုးများကို သေစေနိုင်ရုံမျှမက အဝတ်လျှော်စက်အတွင်းက ပိုးမွှားများကိုပါ သန့်ရှင်းပေးရာရောက်ကြောင်း သိရသည်။ ပြီးနောက် နေပူပူမှာ အခြောက်လှန်းပါ။

**စောင်**

စောင်ကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် နေပြင်းပြင်းပြပါ၊ နေပူရှိန်ကောင်းစွာရရှိစေရန် စောင်ကို အထက်နှင့် အောက်ဘက် တစ်လှည့်စီ နေပူလှန်းပြီးနောက် တုတ်တစ်ချောင်းဖြင့် လွှဲရိုက်၍ အမှုန်အမွှားတို့ကို ခါထုတ်ပေးပါ။ ထို့ပြင် ရာသီဥတုအခြေအနေအရ မိမိအသုံးပြုခြင်းအပေါ် မူတည်၍ စောင်ကို လျှော်ဖွပ်ပေးရပါမည်။ ဂွမ်းစောင်ဆိုသည်မှာ မေ့လောက်နေမှ တစ်ခါ လျှော်ကြသော ပစ္စည်း ဖြစ်သည်။ လတ်တလော လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ ဂွမ်းစောင်ပေါ်မှာ သိန်းပေါင်းများစွာသော ပိုးမွှားများ ရှိနေကြသည်။ မှန်ဘီလူးဖြင့် အကျယ်ချဲ့ကြည့်လိုက်သောအခါ နေပူကျဲကျဲတွင် လှန်းထားသည့် ဂွမ်းစောင်ထဲမှာ ၎င်းပိုးမွှားများကို တွေ့မြင်နိုင်သေးသည်။ ၎င်းပိုးမွှားများကို အမြစ်ပြတ်ချေမှုန်းရန်အတွက် အမည်းရောင်ကြွပ်ကြွပ်အိတ်ထဲမှာ အသေအချာထုပ်ပိုးပြီး နေရောင်ပြင်းပြင်းအောက်တွင် ၁ -၂ နာရီကြာ ထားပေးရပါမည်။ အမည်းရောင်က အပူကို ပိုမိုစုပ်ယူသည့်အတွက် အိတ်ထဲမှပစ္စည်းများကို အပူချိန် ပို၍မြင့်မားလာစေပြီး ပိုးမွှားများလည်း အပူချိန် ၅၀ ဒီဂရီတွင် သေဆုံးကုန်ကြသည်။ (ထိုနည်းတူ နေလှန်းချင်သော ကုတ်အင်္ကျီအထူ၊ အရုပ်များ၊ ကော်ဇော၊ ခေါင်းအုံး စသည်တို့ကိုလည်း အမည်းရောင်ကြွပ်ကြွပ်အိတ်ဖြင့် အသေအချာထုပ်ပိုး၍ နေပြင်းပြင်းမှာ လှန်းပေးနိုင်သည်)

**မွေ့ရာ**

ပျမ်းမျှ လူ ၁၀ ဦးလျှင် ကိုးဦးခန့် မွေ့ရာနှင့်ပတ်သက်၍ ကျန်းမာရေးအခြေအနေကို လျစ်လျူရှုတတ်ကြသည်။ အမေရိကန်အမျိုးသား အိပ်စက်ခြင်းဆိုင်ရာ ဖောင်ဒေးရှင်းမှ သုတေသီများ၏ လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ အရည်အသွေးကောင်း မွေ့ရာတစ်ခု၏သက်တမ်းသည် ၉ -၁၀ နှစ်အကြား ရှိသော်လည်း အကယ်၍ မွေ့ရာ အလွန်ဟောင်းနွမ်းနေလျှင်သော်လည်းကောင်း၊ အရည် အသွေးညံ့သော မွေ့ရာများကြောင့် အိပ်စက်ရာတွင် သက်သောင့်သက်သာမရှိတော့ဘဲ ခါးနာခြင်းကို ဖြစ်စေနိုင်ကြောင်း သိရသည်။ ထို့ကြောင့် မွေ့ရာတစ်ခုကို ငါးနှစ်လျှင်တစ်ကြိမ် အသစ်လဲလှယ်သင့်သည်။ ကျောရိုးအဆစ်အပေါ် ဖိအားမဖြစ်စေရန်အတွက် မပျော့လွန်း၊ မမာလွန်းသော မွေ့ရာအမျိုးအစားကိုသာ ရွေးချယ်သင့်သည်။ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းမှုအတွက်ကိုလည်း မွေ့ရာကို အနည်းဆုံး တစ်လလျှင်တစ်ကြိမ် နေပြင်းပြင်းပြပါ။ နေပူရှိန်ကောင်းစွာရရန် အပေါ်နှင့် အောက်ဘက် တစ်လှည့်စီ နေပူလှန်းပြီးနောက် တုတ်ဖြင့် ထုရိုက်၍ အမှုန်အမွှားတို့ကို ခါထုတ်ပေးကြပါရန် အကြံပြုလိုပါသည်။

"နေရောင်ခြည်သည် ရောဂါပိုးကို သေစေနိုင်သည်" ဟူသော စာချိုးလေးကို စာရေးသူတို့ ခပ်ငယ်ငယ် မြန်မာစာသင်ပုန်းကြီးဖတ်စာတွင် တကြော်ကြော်အော်၍ ရွတ်ဆိုခဲ့ဖူးပါသည်။ နေရောင်ခြည်က မည်သည့်ရောဂါပိုးတွေကို မည်သို့မည်ပုံသေစေနိုင်ပြီး လူသားတို့ကျန်းမာရေးအတွက်ကိုလည်း နေရောင်ခြည်က မည်မျှအရေးပါသည်ကို စာရေးသူတို့ ငယ်ငယ်က ဂဃနဏ မသိခဲ့ကြပေ။ သို့သော် အသက်အရွယ်ကြီးရင့်လာကြပြီး ဘဝအတွေ့အကြုံများ ရင့်သန်လာသည့်အလျောက် နေရောင်ခြည်၏ အကျိုးကျေးဇူးကို သိနားလည်ရပါသည်။ သို့ပါ၍ သက်ရှိသတ္တဝါအားလုံးအတွက် အရေးပါသော နေရောင်ခြည်၊ အထူးသဖြင့် ယခုလို ကိုဗစ်-၁၉ ကာလအတွက် အမှန်တကယ် အရေးပါလှသော နေရောင်ခြည်ကို ကောင်းစွာအသုံးချကြ စေလိုပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်းကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှုမြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတမြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခုဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

( ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြား စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၃၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအားလျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကိုအသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

# ရန်ကုန်မြို့တွင်း သွားလာမှုအဆင်ပြေစေရေးအတွက် လမ်းပိတ်အတားအဆီးများအား ဖယ်ရှားရှင်းလင်း



ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက လမ်းများအားပိတ်ဆို့၍ အတားအဆီးများ ပြုလုပ်ထားရာ ယနေ့နံနက်ပိုင်းမှစ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

ထိုသို့ရှင်းလင်းရာတွင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း၊ သံသုမာလမ်း၊ ပြည်သာယာလမ်း၊ လှိုင်မြို့နယ် အရှေ့ ပေ ၅၀ လမ်း၊ ဗဟိုလမ်း၊ မရမ်းကုန်းမြို့နယ် အနောက်ဗဟိုလမ်း၊ အောင်သိဒ္ဓိလမ်း၊ ဘုရင့်နောင်လမ်း၊ သမိုင်းဘူတာရုံလမ်း၊ သမိုင်းလမ်းဆုံ၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ် ဗဟိုလမ်းတစ်လျှောက်၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်း၊ ဗညားဒလလမ်း၊ သတိပဋ္ဌာန်လမ်း၊ ဗျိုင်းရေအိုးစင်လမ်း၊ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း၊ သစ္စာလမ်း၊ ပါရမီလမ်း၊ သံသုမာလမ်း၊ ရတနာလမ်း၊ မေတ္တာလမ်း၊ သုမင်္ဂလာလမ်းနှင့် လမ်းသွယ်များ၊ မြောက်ဥက္ကလာပမြို့နယ် သုမ္မောလမ်း၊ သုနန္ဒာလမ်း၊ သုမိတ္တာလမ်း၊ သာကေတမြို့နယ် မြင်တော်သာလမ်း၊ ဇင်္ဂမလမ်း၊ သုမနလမ်း၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်း၊ မင်းရဲကျော်စွာလမ်း၊ ဗိုးရာဇာလမ်းတို့တွင် လမ်းများအား ပိတ်ဆို့ထားသည့် သဲအိတ်များ၊ အုတ်ခဲကျိုး၊ သွပ်ပြား၊ သစ်တုံး၊ ဝါးကပ်၊ တာယာကွင်း၊ သံပန်းခြံတံခါး၊ ကွန်ကရစ်ဘလောက်တုံး၊ ကွန်တိန်နာပုံးများအား ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် ၁၃၈ ခေါက် သယ်ယူစွန့်ပစ်ခဲ့ပြီး ကျန်ရှိသည့် သဲ၊ ခဲ၊ ပြာများအား ရှင်းလင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၃-၃-၂၀၁၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် မတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၁၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

(ယမန်နေ့မှအဆက်)

VOA သတင်းဌာနမှ သတင်းထောက်ဦးမိုးဇော်က အကြမ်းဖက်တိုက်ခိုက်သည့် ပစ္စည်းများ ယခု ပြသထားပါကြောင်း၊ ဗိုလ်ချုပ်ရှင်းပြခဲ့သည့် အထဲတွင်လည်း ပါဝင်ပါကြောင်း၊ မင်းမဲ့စရိုက်ဆန်သည့် ပြုလုပ်မှုများက ဒီမိုကရေစီနှင့်ဆန့်ကျင်ပြီး နှိမ်နင်းရသည်ဟု ပြောကြောင်း၊ နိုင်ငံတကာကလည်း ဆန္ဒပြနေသည့် လူများအပေါ် ပစ်ခတ်နှိမ်နင်းမှုများအပေါ် အင်အားသုံးနှိမ်နင်းသည်ဟု နစကကို ဝေဖန်ရှုတ်ချနေမှုများ ရှိပါကြောင်း၊ မြန်မာပြည်သားများထဲတွင်လည်း ယခုလို ပစ်ခတ်နှိမ်နင်းသည့်အပေါ် မကျေနပ်မှုများနေကြောင်း၊ တပ်မတော်အပေါ် မုန်းတီးမှုများဖြစ်လာပြီး တပ်မတော်နှင့် ပြည်သူအကြားတွင် တဖြည်းဖြည်းနှင့် ကင်းကွာလာပြီး ပိုမိုဝေးသွားသည့် ပုံစံမျိုးများ တွေ့နေရကြောင်း၊ ယင်းအခြေအနေကို မည်ကဲ့သို့ ပြန်လည်ဖြေရှင်းမှုမျိုး ရှိမည်ကို သိလိုကြောင်း၊ ယင်းပစ်ခတ်နှိမ်နင်းရသည့် အခြေအနေတွင် Martial Law စစ်အုပ်ချုပ်မှု အခြေအနေများ မည်သည့်အချိန်ခန့်တွင် အဆုံးသတ်မှုရှိမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က အဓိကအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ အကြမ်းဖက်ဆူပူဆန္ဒပြမှုများ ဖြစ်လာကြောင်း၊ ပြန်ပြီးသုံးသပ်ကြည့်လျှင် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်က တာဝန်ယူခဲ့ပါကြောင်း၊ ဆန္ဒပြသူများ စတင်ဖြစ်ပွားသည့်နေ့မှာ ဖေဖော်ဝါရီလ ၄ ရက်နေ့ ဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ဆန္ဒပြသူများသည် ငြိမ်းချမ်းစွာ ဆန္ဒပြကြပါကြောင်း၊ စီတန်းလှည့်လည်ခြင်းများ ရှိပါကြောင်း။

**ဥပဒေနှင့်မကိုက်ညီ**

သို့သော် ဥပဒေနှင့်မကိုက်ညီပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင်လည်း တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နိုင်ငံတကာကဲ့သို့ ဆန္ဒပြမည်ဆိုလျှင် မည်သို့လျှောက်ထားရမည်၊ မည်သည့်နေရာတွင် မည်သို့ပြမည်ဆိုသည့် ခွင့်ပြုချက်ရှိပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ညီလားဟုဆိုလျှင် ဥပဒေနှင့် မညီပါကြောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုဟုခေါ်လို့ ရကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဖြိုခွင်းခဲ့ခြင်းမရှိပါကြောင်း၊ ဖြိုခွင်းခဲ့ခြင်း မရှိသည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့ဆန္ဒပြမှုများကို ဘေးက စောင့်ကြည့်ခြင်းသာ ဖြစ်ပါကြောင်း။

၉ ရက်နေ့မှ အကြမ်းဖက်မှုစတင်ဖြစ်လာပြီး နေပြည်တော်၌ စတင်ဖြစ်သည်ဟု မှတ်မိပါကြောင်း၊ ၉ ရက်နေ့တွင် ရုံးတက်မည့် ကားများကို သပြေကုန်းအပိုင်းတွင် တားခဲ့ပါကြောင်း၊ ရုံးတက်မည့်ကားများ တားသည်ကို မီဒီယာများအနေဖြင့် ထုတ်လွှင့်ခဲ့ခြင်း မရှိပါကြောင်း၊ လူအုပ်စုနှင့် တားခြင်းကို ဖယ်ရှားရန် လုပ်သည့်အခါ ရဲကားများ၊ ရေကားများကို ခဲဖြင့် ပစ်ခြင်းကြောင့် စခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုမှစပြီး လက်နက်ဖြင့် ပစ်သည့်အဆင့်ထိဖြစ်လာပါကြောင်း၊ ထိုအဆင့်မျိုး ဖြစ်လာလျှင် မည်သည့်နိုင်ငံမှ လက်မခံပါကြောင်း။

ဒီမိုကရေစီဟု ပြောနေသည့်နိုင်ငံတွင်လည်း



မြင်းခြံမြို့နယ်၊ အ.ထ.က(၄)ရှိ အဆောက်အဦတစ်လုံးအား မီးကျွမ်းပစ်ခတ်ခံရ၍ မီးလောင်ဆုံးရှုံးပျက်စီးခြင်း

ကိစ္စကို ပိုပြီးအသေးစိတ်ပြောပြ၍ ရမည်ဆိုပါက သိလိုကြောင်း၊ ၎င်းထုတ်ဖော်သည့် အချက်အလက်များသည် ပြီးခဲ့သည့် အစိုးရအကြီးအကဲများမှ မည်သူ့ကို တရားစွဲဆိုနိုင်သည့် အချက်များ ဖြစ်သည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဆက်သွယ်ခွင့် နှစ်ကြိမ်ခွင့်ပြုထား**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဩစတေးလျနိုင်ငံသား ရှောင်တားနားနှင့်ပတ်သက်ပြီး မိမိတို့ စစ်ဆေးနေသည်မှာ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁)နှင့် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃၁(ဃ)ဖြင့် စစ်ဆေးနေခြင်းများရှိကြောင်း၊ ၎င်းကို သံရုံးတာဝန်ရှိသူများ၊ မိသားစုဝင်များနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ခွင့် နှစ်ကြိမ် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ နောင်လည်း ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**

- ❖ **ကျန်းမာရေးနှင့် ပညာရေးသည် နိုင်ငံတစ်ခုအတွက် အခြေခံဖြစ်သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခံယူထားသည့်အတွက် ကျောင်းများကို ဖွင့်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ ကျောင်းများ ပြန်ဖွင့်ရန်အတွက် ဆရာ ဆရာမများကို မွမ်းမံသင်တန်းခေါ်ခြင်းဖြစ်ပါကြောင်း၊ ထိုအရာကို ပြည်သူတစ်ရပ်လုံးအနေဖြင့် စဉ်းစားစေလို။**
- ❖ **ထိုအရာသည် အစိုးရကိုဆန့်ကျင်ခြင်းဟု ပြောမရဘဲ တစ်မျိုးသားလုံး၏ ပညာရေးစနစ်၊ တစ်မျိုးသားလုံး၏အနာဂတ်ကို ဆန့်ကျင်နေခြင်းဖြစ်ကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး ဆရာ ဆရာမများနှင့်ပတ်သက်ပြီး စောင့်ရှောက်မှုလုပ်ငန်းများ၊ လုပ်ဆောင်ပေးရမည့် လုံခြုံရေးများကို အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး အစွမ်းကုန် လုပ်ဆောင်ပေးသွားမည်ဖြစ်။**

လက်မခံပါကြောင်း၊ အမေရိကန်နိုင်ငံတွင် မကြာခင်က ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံ ဝင်စီးခဲ့သည်တွင် မည်သို့ပစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မင်းမဲ့စရိုက်ကို နှိမ်နင်းရမည်ဖြစ်ပါကြောင်း၊ ထိုသို့နှိမ်နင်းရသည်မှာ နံပါတ်တစ်အနေဖြင့် သာမန်ပြည်သူလူထုကို ထိခိုက်နိုင်ခြင်း၊ နံပါတ်နှစ်အနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ခြင်းတို့ကြောင့် မိမိတို့နှိမ်နင်းရမည် ဖြစ်ပါကြောင်း။

ထိုသို့နှိမ်နင်းသည့်အခါတွင် နိုင်ငံတကာမှ ပြောမည့်အရာများရှိပါကြောင်း၊ ပြည်သူနှင့် ကင်းကွာနေသလို ခံစားရပါသလားဟုဆိုလျှင် ကင်းကွာနေသည်ဟု မခံစားရပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆူးစူးနေသည်ကို နာမည်စိုးသောကြောင့် မထွင်ဘဲ နေ၍မရပါကြောင်း၊ ဆူးစူးနေသည်ကို မနာစေချင်လျှင် ထွင်ရမည်ဖြစ်ပါကြောင်း၊ ဆူးကြီးလျှင် ကြီးသကဲ့သို့ အပ်ချိတ်ကြီးကြီး သုံးရမည်ဖြစ်ကြောင်း၊ ဆူးသေးလျှင် သေးသကဲ့သို့ အပ်ချိတ်သေးသေး သုံးရမည်ဖြစ်ကြောင်း။

ထိုဆူးကို အပ်ဖြင့်ထွင်လျှင် နာသင့်သလောက် နာမည် ဖြစ်ကြောင်း၊ နာသင့်သလောက် နာခြင်းသည် မထွင်ဘဲနေပါက ဆူးစူးသည့် ခြေထောက် ဖြတ်ပစ်ရမည်စိုးသောကြောင့် ထွင်ရခြင်းဖြစ်ကြောင်း၊ ဆူးကြီးလျှင် ကြီးသလောက်နာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခြေထောက်က ဦးနှောက်ကို မုန်းလိုက မုန်းပါစေ၊ ပျောက်သွားလျှင် ဦးနှောက်နှင့် ခြေထောက်တစ်သားတည်းဖြစ်သွားမည်ဖြစ်ပြီး ကိစ္စမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**မသမာသည့် နိုင်ငံခြားငွေကြေးစီးဆင်းမှုများ**

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သက်သေခံချက်များ ပြသသွားသည်ကို တွေ့ရပါကြောင်း၊ မိမိမေးလိုသည်မှာ ဩစတေးလျနိုင်ငံသား ရှောင်တားနားနှင့်ပတ်သက်ပြီး ၎င်း၏ထုတ်ဖော်ပြောဆိုမှုတွင် မသမာသည့် နိုင်ငံခြားငွေကြေးစီးဆင်းမှုများရှိကြောင်းကို အစောပိုင်းက သတင်းထုတ်ပြန်ထားခြင်း တွေ့ရပါကြောင်း၊ အသေးစိတ်ထွက်လာခြင်းမျိုး မရှိသေးကြောင်း၊ အဓိကမေးလိုသည်မှာ ရှောင်တားနားက နစကနှင့်ပူးပေါင်းပြီး ယခင်အစိုးရ၏ ငွေကြေးမသမာမှုများကို သက်သေခံရန်ရှိ၊ မရှိနှင့် ထိုအမှုက ၎င်း၏ ထုတ်ဖော်သည့်အချက်များသည် ယခင်အစိုးရအကြီးအကဲများထဲမှ တရားစွဲနိုင်ရန် ရှိ/မရှိနှင့် ဘယ်ကို ဦးတည်သွားမလဲ ဆိုသည့်အချက်၊ ရှောင်တားနားထွက်ဆိုချက်ကိုမူတည်ပြီး တရားစွဲဆိုမည်ဆိုလျှင် မည်သူ့ကိုတရားစွဲနိုင်သည်ဆိုသည့် အချက်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ထိုအရာကို မိမိ ပြော၍မရပါကြောင်း၊ ခုနပြောသည့် နှစ်ချက်ဖြင့်သာ စစ်ဆေးနေကြောင်း ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မြန်မာနိုင်ငံတွင် ပြန်လည်သင့်မြတ်ရေးအတွက် ဘက်ပေါင်းစုံမှ ထိတွေ့ဆွေးနွေးသွားမည်ဟု ပြောထားခြင်းမျိုး ရှိပါကြောင်း၊ ၎င်းဘက်မှ မြန်မာပြည်ကို ကမ်းလှမ်းဆက်သွယ်ထားတာမျိုး ရှိ/မရှိ သိလိုကြောင်းနှင့် လက်ရှိ အခြေအနေတွင် ကမ်းလှမ်းဆက်သွယ်လာမည်ဆိုပါက လက်ခံရန်အခြေအနေများ ရှိ/မရှိနှင့် ယခင်အခြေအနေနှင့် ယခုအခြေအနေအပြောင်းအလဲ ရှိနိုင်၊ မရှိနိုင်ကို သိလိုပါကြောင်း မေးမြန်းသည်။

စာမျက်နှာ ၂၅ သို့ ✪

❂ စာမျက်နှာ ၂၄ မှ

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တရုတ်နှင့် မြန်မာနိုင်ငံသည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် အိမ်နီးနားချင်း နိုင်ငံများဖြစ်ပြီး တရုတ်တပ်မတော်၊ မြန်မာ့တပ်မတော်၊ တရုတ်အစိုးရ၊ မြန်မာနိုင်ငံအစိုးရတို့သည် ယခင်ကတည်းက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့တွင် အိမ်နီးနားချင်းနိုင်ငံ ငါးနိုင်ငံ ရှိပါကြောင်း၊ မိမိတို့သည် အိမ်နီးနားချင်းနိုင်ငံ ငါးနိုင်ငံနှင့်လည်း ပူးပေါင်းဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပါကြောင်း။

**မိတ်ဝတ်မပျက်ဆက်ဆံရေး**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စပြီးတာဝန်ယူကတည်းက ပြောထားသည်မှာ မိမိတို့အနေဖြင့် အိမ်နီးနားချင်းနိုင်ငံ၊ အာဆီယံနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများနှင့်ပါ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ အထူးသဖြင့် မိမိတို့နှင့် ရင်းနှီးဆက်ဆံနေသည့် နိုင်ငံများ၏ ပြောကြားချက်ကို အလေးထားမှတ်သားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ ပြန်လည်စိုးမိုးရေးနှင့်ပတ်သက်ပြီး စိတ်ဝင်တစားရှိသည့် နိုင်ငံဟူသမျှ၏ ပြောဆိုချက်မှန်သမျှကိုလည်း အလေးထားပါကြောင်း၊ ၎င်းတို့ပြောဆိုချက်အတိုင်း စေတနာထားသည်များကိုလည်း မိမိတို့ တန်ဖိုးထားကြောင်းကို ပြောလိုပါကြောင်း၊ မိမိတို့အနေဖြင့် အလေးအနက်ထား မှတ်သားထားသည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က ယခုလက်ရှိ ဖမ်းဆီးခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ နိုင်ငံခေါင်းဆောင်များ၊ ယခင်အစိုးရခေါင်းဆောင်များနှင့် ဈေးစပ်ဆွေးနွေးရမည့် လမ်းကြောင်းမျိုးကို တိုက်တွန်းလာမည်ဆိုလျှင် ထိုအနေအထားမျိုး ဖြစ်လာနိုင်မည်လား၊ ယခင်သတင်းစာရှင်းလင်းပွဲက ဗိုလ်ချုပ်အနေဖြင့် ထိုအရာကို ပြောခဲ့ဖူးသည်ဟု ထင်ပါကြောင်း၊ ယခုအခြေအနေတစ်စုံတစ်ရာပြောင်းလဲသွားခြင်းမျိုး ရှိပါသလားဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မိမိတို့သွားမည့် လမ်းကြောင်းသည် မိမိတို့ပြောကြားထားသည့် ဦးတည်ချက်(၉)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ် လမ်းကြောင်းအတိုင်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အခြားမီဒီယာလည်း အလုပ်လုပ်ရသည်မှာ အဆင်ပြေစေရန်အတွက် စစ်ရေးနှင့်ပတ်သက်သည့် သတင်းများ၊ တပ်မတော်နှင့်ပတ်သက်သည့် သတင်းများကို ဗိုလ်ချုပ်အနေဖြင့် ပြောရေးဆိုခွင့်ရှိသူအနေဖြင့် ဖြေဆိုခြင်းမျိုးရှိပါကြောင်း၊ ယခုအချိန်တွင် အခြားလူပြောင်းခြင်းများ၊ စီစဉ်ထားခြင်းများ ရှိပါသလား သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မရှိပါကြောင်း၊ မိမိဖြေပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ရဲရဲတောက်သတင်းဌာနမှ အယ်ဒီတာချုပ် အမတ်ဒိန်**က မတ်လ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့တွင် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်ရှိ စက်ရုံ ၁၇ ရုံ မီးရှို့ဖျက်ဆီးခံရကြောင်း၊ အကြမ်းဖက်လူများ၏ ဆန္ဒမှာ တရုတ်သူဌေးများကို မီးဘေးဒုက္ခသည်ဖြစ်အောင်လုပ်ဆောင်ခြင်းဖြစ်ပြီး အမှန်တကယ်



ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုသည့် လက်နက်ကိရိယာများ ခင်းကျင်းပြသထားစဉ်။

မီးဘေးဒုက္ခသည်ဖြစ်သွားသည်မှာ စက်ရုံတွင် အလုပ်လုပ်နေသည့် ကိုယ့်သား၊ သမီး၊ ကိုယ့်တူများဖြစ်နေကြောင်း၊ ဒုတိယဝန်ကြီး ပြောကြားခဲ့သည့်အတိုင်း လူတစ်သောင်းကျော်ခန့် အလုပ်လက်မဲ့ဖြစ်သွားပါကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး နစကအစိုးရအနေဖြင့် ၎င်းတို့အား ကူညီထောက်ပံ့ရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်းမေးမြန်းသည်။

**စက်ရုံ ၁၇ ရုံ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပထမအချက်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် စက်ရုံ ၁၇ ရုံနှင့် ပတ်သက်ပြီး တိုက်ရိုက်မှီခိုနေရသည့် လုပ်သားများသာ အလုပ်ပြုတ်ခြင်းမဟုတ်ဘဲ ယင်းအလုပ်သမားများအပေါ်တွင် ထပ်ဆင့်မှီခိုနေရသည့်ဈေးဆိုင်များ၊ လုပ်ငန်းများပါ ပျက်သွားခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ယင်းကိစ္စများ မဖြစ်မီကပင် လှိုင်သာယာ၊ ရွှေပြည်သာဘက်တွင် စားဝတ်နေရေး ကျပ်တည်းသည့်သူများကို တပ်မတော်မှ တတ်နိုင်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာအမယ်လေးမျိုး သွားရောက်ကူညီမှုများ အမြဲရှိခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ထိုအရာနှင့်ပတ်သက်ပြီး လူမှုစီးပွားဘဝအခြေအနေ တည်ငြိမ်စေရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ရဲရဲတောက်သတင်းဌာနမှ အယ်ဒီတာချုပ် အမတ်ဒိန်**က ကျောင်းများပြန်ဖွင့်ရန်အတွက် ဆရာ၊ ဆရာမကြီးများကို သင်တန်းပေးနေကြောင်း၊ ယင်းဆရာ၊ ဆရာမကြီးများမှာ CDM မလုပ်သည့် ဆရာ၊ ဆရာမကြီးများဖြစ်ပြီး ၎င်းတို့ သင်တန်းတက်နေရသည်မှာ စိန်ခေါ်မှုအများကြီးကြားမှ တက်နေရပါကြောင်း၊ တံတားဦး သင်တန်းကျောင်းရှေ့တွင် လက်လုပ်ဗုံးလာပစ်ခံရသည့်အခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ယင်းသို့ လုံခြုံမှုအားနည်းမည်ဆိုပါက ၎င်းဆရာ၊ ဆရာမကြီးများနေရာမှ ဝင်ရောက်စဉ်းစားမည်ဆိုလျှင် နောက်ထပ်ဆရာ၊ ဆရာမများ သင်တန်းထပ်တက်ရန် စိတ်သောကဖြစ်စရာရှိကြောင်း၊ ထို့ကြောင့် ပြည်ထဲရေးအနေဖြင့် ယင်းသင်တန်းကျောင်းများကို ရာနှုန်းပြည့် လုံခြုံရေးပေးနိုင်မည့်အခြေအနေရှိပါသလားဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖြည့်စွက်ပြီး ဖြေကြားပေးသွားမည်ဖြစ်ပြီး မိမိတို့လည်း ယင်းအခြေအနေများကို တွေ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ပြောကြားခဲ့သည်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းများကို အသည်းအသန်ဖွင့်ချင်နေသည်မှာ အကြောင်းအရင်း တစ်ချက်သာရှိကြောင်း၊ ကိုဗစ်ကြောင့် ကျောင်းများပိတ်ခဲ့ပြီး အဓိကတိုက်ရိုက်နစ်နာသူများမှာ ကျောင်းသားများနှင့် မိဘများသာဖြစ်ကြောင်း၊ ကျောင်းသားများသည် အထက်တန်းအောင်ရမည့်အချိန်တွင် အောင်မြင်ခြင်းမရှိကြောင်း။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ဆိုသည်မှာ အထက်တန်းလောက်အောင်မှ အလုပ်ဝင်သည့်အခါတွင် အလုပ်ဝင်၍ ကောင်းမည်ဖြစ်ကြောင်း၊ နောက်တစ်ခုနစ်နာသည်မှာ မိဘများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့်လည်း ကျောင်းများဖွင့်လိုက်မည်ဆိုပါက လူစုလူဝေးဖြစ်ခြင်းများ၊ မသမာသည့် စည်းရုံးလှုံ့ဆော်မှုများ ဖြစ်မည်ကို သိပါကြောင်း။

**ပညာရေးအတွက် ဖွင့်ရန် ကြိုးစားနေခြင်း**

သို့သော် တစ်နိုင်ငံလုံး၏အခြေခံဖြစ်သည့် ပညာရေးအတွက် ဖွင့်ရန် ကြိုးစားနေခြင်း ဖြစ်ပါကြောင်း၊ မည်သည့်အတွက်ကြောင့်မှ ကြိုးစားနေခြင်း မဟုတ်ကြောင်း၊ လုပ်ငန်းများလုပ်ကြသည့်အခါတွင် ရမှတ်ရသည့်လုပ်ငန်းရှိပြီး ရမှတ်မရသည့် လုပ်ငန်းလည်း ရှိကြောင်း၊ လွယ်လွယ်ကူကူပြောရမည်ဆိုလျှင် မျက်နှာရသည့် လုပ်ငန်းရှိပြီး မျက်နှာမရသည့် လုပ်ငန်းရှိကြောင်း၊ မည်သူကိုမှ မည်သည့်ရည်ရွယ်ချက်ဖြင့် ပြောခြင်းမဟုတ်ပါကြောင်း။

ကျောင်းဖွင့်မပေး၍ နစကကောင်စီမှာ မျက်နှာမရစရာ အကြောင်းမရှိပါကြောင်း၊ မျက်နှာရချင်ပြီး ပို၍အကျိုးသက်ရောက်စေမည်ဆိုလျှင် ကျောင်းဖွင့်သည့် လုပ်ငန်းထက် ပိုပြီးထင်သာမြင်သာရှိသည့် လုပ်ငန်းကို မိမိတို့လုပ်၍ရပါကြောင်း၊ ထင်သာမြင်သာရှိသည့်လုပ်ငန်းဆိုသည်မှာ ပြည်သူလူထုပိုပြီး သဘောကျစေမည့် လုပ်ငန်း၊ ထင်သာမြင်သာရှိသည့် လုပ်ငန်းလုပ်၍ရပါကြောင်း။

သို့သော် ကျန်းမာရေးနှင့် ပညာရေးသည် နိုင်ငံတစ်ခုအတွက် အခြေခံဖြစ်သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခံယူထားသည့်အတွက် ကျောင်းများကို ဖွင့်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ကျောင်းများ ပြန်ဖွင့်ရန်အတွက် ဆရာ ဆရာမများကို မွမ်းမံသင်တန်းခေါ်ခြင်းဖြစ်ပါကြောင်း၊ ထိုအရာကို ပြည်သူတစ်ရပ်လုံးအနေဖြင့် စဉ်းစားစေလိုပါကြောင်း။

**ကိုယ်တွေ့ကြုံဖူးမှ သိနိုင်မည်**

မိမိတို့ ကိုဗစ်ကာလတစ်ခုလုံးတွင် နောက်ကျခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ ကိုယ်တိုင်သည်လည်း ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်သည့်ကာလတွင် ၇ တန်း၊ ၈ တန်း ကျောင်းသားဘဝတွင်သာ ရှိသေးကြောင်း၊ နောက်ကျပြီးမှ တက်ခဲ့ရသည်များရှိပြီး ယင်းအရာများသည် ကိုယ်တွေ့ကြုံဖူးမှ သိနိုင်မည်ဖြစ်ကြောင်း၊ ထိုအရာများ ဆောင်ရွက်သည့်အခါတွင် မနေ့ကပင် စိတ်မကောင်းစရာဖြစ်ခဲ့ကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးတွင် လက်လုပ်ဗုံးပစ်ခဲ့ခြင်းများရှိပြီး မလုပ်သင့်သည့် လုပ်ငန်းများဖြစ်ကြောင်း။

ထိုအရာသည် အစိုးရကိုဆန့်ကျင်ခြင်းဟု ပြောမရဘဲ တစ်မျိုးသားလုံး၏ ပညာရေးစနစ်၊ တစ်မျိုးသားလုံး၏အနာဂတ်ကို ဆန့်ကျင်နေခြင်းဖြစ်ကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး ဆရာ ဆရာမများနှင့် ပတ်သက်ပြီး စောင့်ရှောက်မှုလုပ်ငန်းများ၊ လုပ်ဆောင်ပေးရမည့် လုံခြုံရေးများကို အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး အစွမ်းကုန် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်သီဟ**က လုံခြုံရေးဆောင်ရွက်ပေးမှုအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုံခြုံရေးအတွက် အကူအညီတောင်းလာမှုနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှလည်း လုံခြုံရေးနှင့်ပတ်သက်ပြီး တခြားအကြောင်းအရာများကြောင့် လုံခြုံရေးတောင်းခံမည်ဆိုပါက သတင်းစာထဲတွင်လည်း ကြေညာထားပြီးဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖုန်းနံပါတ်များလည်း ဖြန့်ဝေထားပြီးဖြစ်ပြီး လုံခြုံရေးကိစ္စနှင့် အကူအညီတောင်းခံမည်ဆိုပါက အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အင်းစိန်မြို့နယ် သီရိရတနာ(၃)လမ်း၌ အေးချမ်းစွာ နေထိုင်သည့် ပြည်သူများအား ဆူပူအကြမ်းဖက်သူလူတစ်စုက အကြောင်းမဲ့ဖမ်းဆီးရိုက်နှက်၊ အမရပူရမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ဆူပူအကြမ်းဖက်သူများက ဥပဒေမဲ့လုပ်ရပ်များ ဆောင်ရွက်

နေပြည်တော် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိရတနာ(၃)လမ်း တိုက်(၇၅)(ပ)ထပ် အခန်း(၉)နေ ဦးစိုးသက်ပိုင်နှင့် ၎င်း၏ဇနီးလောင်းဖြစ်သူ ဒေါ်အိချွေစင်တို့ နှစ်ဦးကို မတ် ၂၈ ရက် ည ၈ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက ဓာတ်ဆီလောင်းမီးရှို့ရန်ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ည ၈ နာရီ ၅၅ မိနစ်ခန့်တွင် ကမ်းနားအလယ်ရပ်ကွက် ခေမာတောင်လမ်းထိပ်သို့ရောက်ရှိစဉ် ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က လမ်းပိတ်ဆို့နှောင့်ယှက်ခဲ့သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ ည ၉ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

## တွေ့ရှိကယ်တင်နိုင်ခဲ့

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ည ၉ နာရီခွဲခန့်တွင် ဦးစိုးသက်ပိုင်၏နေအိမ်သို့ ရောက်ရှိစစ်ဆေးခဲ့ရာ နေအိမ်အတွင်း သော့ခတ်ပိတ်လှောင်ခံထားရသည့် ဒေါ်နွယ်နွယ်ဦး(ဘ)ဦးလှသန်း (ဒေါ်အိချွေစင်၏မိခင်)၊ ဒေါ်အိချွေစင်၏ သူငယ်ချင်းများဖြစ်ကြသည့် ဒေါ်ယမုံလှိုင်(ဘ)ဦးစောမိုးလှိုင်၊ ဒေါ်ရင်မာလင်း(ဘ)ဦးဆောင်ဟိုက်၊ ဒေါ်တင်သီတာဆွေ (ဘ) ဦးတင်လှ၊ ဒေါ်ဥမ္မာထွန်း(ဘ)ဦးတင်ထွန်းနှင့် ဒေါ်အိချွေစင်၏ သမီးဖြစ်သူ မမေပိုးပန်းချီ(ဘ) ဦးပြည့်ဖြိုးဝင်း တို့ကို တွေ့ရှိကယ်တင်နိုင်ခဲ့သည်။

ဒေါ်နွယ်နွယ်ဦး၏ ပြောကြားချက်အရ ည ၇ နာရီခွဲခန့်တွင် နေအိမ်သို့ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦးတို့သည် မျက်နှာတွင် အဝတ်များ စည်းလျက် တုတ်၊ ဓားများ ကိုင်ဆောင်ရောက်ရှိလာပြီး ဆန့်ထိုးပိုက်ဖြင့် ဦးစိုးသက်ပိုင်၏ ဝဲလက်မောင်းအား တစ်ချက်၊ ဒေါ်အိချွေစင်၏ ယာလက်ဖျံအား တစ်ချက်စီထိုးခြင်း၊ နေအိမ်အတွင်း ပစ္စည်းများအား ရိုက်ချိုးဖျက်ဆီးခြင်း၊ ဒေါ်နွယ်နွယ်ဦး အပါ အမျိုးသမီး ခြောက်ဦးအား သော့ခတ်ပိတ်လှောင်ခြင်း၊ တိုက်ရှေ့တွင် ရပ်ထားသည့် ဦးစိုးသက်ပိုင်၏ မော်တော်ယာဉ် လေကာမှန်အား ရိုက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ပြီး ဦးစိုးသက်ပိုင်နှင့် ဒေါ်အိချွေစင်တို့အား လက်ပြန်ကြိုးတုတ်၊ မျက်နှာအဝတ်စည်းကာ ဓာတ်ဆီ သုံးပုလင်းလောင်းချ၍ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းဘက်သို့ ခေါ်ဆောင်သွားကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ ရှာဖွေခဲ့ရာ မတ် ၂၉ ရက် နံနက် ၁ နာရီ ၅ မိနစ်ခန့်တွင် ဦးစိုးသက်ပိုင်တွင် ဝဲလက်မောင်းပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် ကျောင်းအနောက်ဘက် အိမ်သာအတွင်း၌လည်းကောင်း၊ ဒေါ်အိချွေစင်တွင် ယာလက်ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် ကျောင်းအုတ်တံတိုင်းထောင့်တွင် လည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ထို့ပြင် နံနက် ၁ နာရီခွဲခန့်တွင် ဒေါ် အိချွေစင်၏ ညီမဝမ်းကွဲဖြစ်သူဒေါ်ဇင်မိုးမြင့်အောင် (ဘ)ဦးအောင်ရွှေ နေထိုင်သည့် မြို့သစ်(က+ခ)ရပ်ကွက်၊ (က/၁) လမ်းရှိ တိုက်အမှတ် (၁၃)ရှေ့၌ ဆူပူအကြမ်းဖက်သူ ၅၀ ခန့် ရောက်ရှိနေကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်လူစုခွဲခဲ့ရာ အသီးသီး လူစုကွဲသွားပြီး YGN-7C... Mark -2 (အဖြူရောင်) မော်တော်ယာဉ်ပေါ်မှ ဓားရှည်တစ်လက် သိမ်းဆည်းရမိခဲ့သည်။



ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးစိုးသက်ပိုင်နှင့် ဒေါ်အိချွေစင်ဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိရာ နံနက် ၂ နာရီ ခွဲခန့်တွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသည့် ယဉ်ဒွေး (ဘ)ဦးစံလှ၊ နောင်ဖြိုးလင်း (ဘ) ဦးမြင့်ရွှေနှင့် မျိုးသူဝင်း(ဘ) ဦးမျိုးခင် တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ (အပေါ်ပုံ)

အလားတူ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမရပူရမြို့နယ် ဈေးချိုရပ်ကွက်နေ ဦးမြင့်သိန်းနှင့် အောင်မြေသာစံမြို့နယ် ၁၇ လမ်း၊ ၈၉ လမ်းနှင့် လမ်း ၉၀ ကြားနေ ဦးသန်းဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးသူဟုဆိုကာ ယနေ့ နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်သူများက ၎င်းတို့၏ နေအိမ်များကို မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ ကျောက်ခဲ၊ လေးခွများ၊ ကိုးသီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဆူပူအကြမ်းဖက်သူများထဲမှ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ ပြုမူခဲ့သည့် ဖမ်းဆီးရမိသူများ၊ ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့ပတ်ရထားနေ့စဉ်ပြေးဆွဲ



နေပြည်တော် မတ် ၂၉

ရန်ကုန်မြို့နေ ခရီးသွားမိတ‌ပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် လမ်းကြောင်း အတိုင်း လက်ဝဲရစ် လူစီးတွဲ သုံးတွဲပါ RBE ရထားတွဲဆိုင်းကို မတ် ၂၄ ရက်မှစ၍ နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

RBEရထားတွဲဆိုင်းသည်လက်ဝဲရစ်လမ်းကြောင်းအတိုင်း အင်းစိန်ဘူတာမှ နံနက် ၈ နာရီခွဲမှစတင်ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီး မင်္ဂလာဒုံဘူတာမှတစ်ဆင့် ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ မွန်းလွဲ ၁၂ နာရီ၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

ဤသို့ရထားပြေးဆွဲမှုဆောင်ရွက်စဉ်အတွင်း ကြို့ကုန်းဘူတာအထွက် ဆေးဝါးစက်ရုံလမ်း Level Crossing အနီး အစုန်/အဆန်ရထားလမ်းပေါ်၌ ရထားသံလမ်းဟောင်း နှစ်ချောင်း၊ သံလမ်းပြေးတော်လီအဟောင်း တစ်စီး၊ သစ်တုံးတစ်တုံးနှင့် စွန့်ပစ်အမှိုက်များပိတ်ဆို့ထားခြင်း၊ ကမာရွတ်ဘူတာရုံလမ်း Level Crossing တွင် ဂိတ်တံခါးမောင်းတံ သံပိုက်နှစ်ချောင်းကိုကွေး၍ ဖျက်ဆီးထားခြင်း၊ ရထားသံလမ်းဆက်တစ်ခု ဖြုတ်ထားခြင်းနှင့် ကားတာယာအဟောင်း၊ အမှိုက်များစုပုံမီးရှို့ထားခြင်း၊ ကြည့်မြင်တိုင်ဘူတာယာဒ်ဝင်းထိပ် အဆန်လမ်းပေါ်တွင် ကားတာယာအဟောင်းနှင့် ပစ္စည်းများစုပုံမီးရှို့ထားခြင်းကြောင့် လမ်းခွဲပွိုင့်အောက်ရှိ သစ်သားဇလီဖားငါးတုံး ထိပ်ပိုင်း မီးလောင်နေသဖြင့် မီးငြိမ်းသတ်ခဲ့ရခြင်းများကြောင့် တပ်မတော်သားများ၊ ရထားရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံတာဝန်သိပြည်သူများနှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ရထားသည်ခရီးဆုံးဘူတာသို့ အောင်မြင်စွာ ပြေးဆွဲနိုင်ခဲ့သည်။

မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန် ပြေးဆွဲလျက်ရှိသဖြင့် မိတ‌ပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# မြို့နယ်အချို့တို့၌ လေသေနတ်များ၊ လက်လုပ်သေနတ်များ၊ ဒူးလေးနှင့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့လာရောက်အပ်နှံ

နေပြည်တော် မတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များကိုင်ဆောင်နေကြောင်း သတင်းအရ မတ် ၂၈ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက် ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် အလက် ၂၀ နှင့် လက်လုပ်သေနတ် ၁၃ လက်တို့ကို ၎င်းတို့သဘောဆန္ဒ အလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြသည်။

အလားတူ မတ် ၂၈ ရက်နှင့် ယနေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နှင့် ကျုံပျော်မြို့နယ်များရှိ ကျေးရွာအချို့တို့မှ ဒေသခံပြည်သူများက လက်လုပ်သေနတ် ၁၉ လက်၊ လေသေနတ် တစ်လက်၊ ဒူးလေး နှစ်လက်၊ ဂျင်ကာလီ သုံးလက်၊ လေးခွ ၃၂ လက်နှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများအား ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းမှ အရာရှိတစ်ဦးအား ဆူပူအကြမ်းဖက်သူလူအုပ်စုက ဖမ်းဆီး၍ ရက်စက်ယုတ်မာစွာ မီးရှို့သတ်ဖြတ်

နေပြည်တော် မတ် ၂၉

မဟာအောင်မြေမြို့နယ် ရဲစခန်းမှ ရဲအရာရှိတစ်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် အကျဉ်းဦးစီးဌာနသို့ လိုအပ်သော ရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ ပို့ဆောင်ရေးအတွက် ဒသမ ၃၈ ခြောက်လုံးပြူးတစ်လက်၊ Icon စကားပြောဆက်သွယ်ရေးစက်တစ်လုံးအား အိတ်အတွင်းထည့်ကာ အရပ်ဝတ်ဝတ်ဆင်၍ ၎င်းပိုင်ဆိုင်ကယ်ဖြင့် ရဲစခန်းမှ ၁၄ လမ်းနှင့် ၈၇ x ၈၈ လမ်းအကြား ကမ်းနားလမ်းအတိုင်း တစ်ဦးတည်း ထွက်ခွာသွားခဲ့ရာ အောင်မြေသာစံမြို့နယ် (၁၄)လမ်းထိပ် နှင်းဆီအိမ်ရာသို့အရောက်တွင် လူစုလူဝေးအင်အား ၂၀၀ ခန့် ပါဝင်သည့် လူအုပ်စုက တားဆီးသဖြင့် ဆိုင်ကယ်အား နောက်သို့ပြန်လှည့်မောင်းနှင်စဉ် ဆိုင်ကယ်လဲကျခဲ့ပြီး ဆူပူသူလူအုပ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရကာ တာယာကွင်းများဖြင့်စွပ်၍ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။

ရရှိသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေပြင်သွားရောက် ရှင်းလင်းခဲ့ရာ မီးလောင်ကျွမ်းထားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းအချို့နှင့် ၎င်းအရာရှိစီးနင်းသွားသည့် ဆိုင်ကယ်နံပါတ်အားတွေ့ရှိခဲ့ရပြီး ခြောက်လုံးပြူးသေနတ် တစ်လက်နှင့် ဆက်သွယ်ရေးစက်မှာ ပျောက်ဆုံးလျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်သတင်းဖော်ထုတ်ချက်အရ ဆူပူအကြမ်းဖက်အဖွဲ့အားကျော်တင့် မင်းတဲ/အီကင်းရပ်ကွက်၊ NLD စည်းရုံးရေးမှူး၊ ရပ်/ကျေး(ဟောင်း)၊ သိန်းထွန်း နှင်းဆီအိမ်ရာလူမှုကူညီရေး၊ မျိုးသန့်(ခ)ထော်ကြီး၊ နိုင်ဝင်းဇော်၊ မောင်ထွန်း၊ ချိုကြီး၊ ဇော်မျိုးနိုင်၊ ရွှေတိုး၊ မြင့်လွင်နှင့် ဝိုင်းချစ် (ခ)ပွင့်ကြီးတို့ ၁၀ ဦးက ဦးဆောင်၍ ရဲအရာရှိအား ရက်စက်ယုတ်မာစွာ မီးရှို့သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အကြမ်းဖျင်း ဖော်ထုတ်ရရှိခဲ့သည်။

ရဲအရာရှိအား ရက်စက်ယုတ်မာစွာ အရှင်လတ်လတ်မီးရှို့သတ်ခဲ့ရာတွင် ဦးဆောင်ပါဝင်သူတရားခံ ၁၀ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အမှုဖွင့်လှစ်ထားရှိခဲ့ပြီး ၎င်းတို့ ၁၀ ဦးနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများအား



ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကာ ထွက်ပြေးတိမ်းရှောင်တရားခံများကို လက်ခံထားရှိသူများကိုလည်း ထိရောက်ပြင်းထန်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# မိုးမောက်မြို့နယ်အတွင်း၌ ကေအိုင်အေအဖွဲ့က နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ စီးနင်းလာသည့် မော်တော်ယာဉ်အား ရီမုမိုင်းဖြင့် ဖောက်ခွဲ၊ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုများကြောင့် အသက်ခုနစ်နှစ်အရွယ်ကလေးငယ်အပါအဝင် သုံးဦးသေဆုံး

နေပြည်တော် မတ် ၂၉

ကချင်ပြည်နယ် မိုးမောက်မြို့မှ တာပိန်ရေအားလျှပ်စစ်စက်ရုံသို့ ထွက်ခွာလာသည့် မော်တော်ယာဉ်အား မတ် ၂၆ ရက်တွင် KIA အဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့သဖြင့် ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကချင်ပြည်နယ် မိုးမောက်မြို့နယ် တာပိန်ရေအားလျှပ်စစ်စက်ရုံမှ မြန်မာအင်ဂျင်နီယာတာဝန်ခံ ဦးဝင်းထွန်းနိုင်(ဒုတိယညွှန်ကြားရေးမှူး)သည် စက်ရုံသို့ အလည်အပတ်လိုက်ပါလာသည့် ဦးသန့်ဇင် မြန်မာ့သစ်လုပ်ငန်း(မိုးမောက်မြို့နယ် ပြည်တွင်းထုတ်မန်နေဂျာ)နှင့် ၎င်း၏ မိသားစုဝင်များဖြစ်ကြသည့် ဇနီးဖြစ်သူ ဒေါ်ရွှေဇင်ထွေး၊ သမီးဖြစ်သူ မမိုးပွင့်ဖြူစင်သန့် အသက်(၁၈)နှစ်၊ မလင်းလက်ကြည်စင်သန့် အသက်ကိုးနှစ်၊ သားဖြစ်သူ မောင်ဘုန်းပြည့်သန့် အသက်ခုနစ်နှစ်တို့နှင့်အတူ မိုးမောက်မြို့မှ မော်တော်ယာဉ်ဖြင့် မတ် ၂၆ ရက် ညနေ ၄ နာရီခန့်တွင် ထွက်ခွာလာခဲ့ကြောင်း၊ ထိုသို့ထွက်ခွာလာစဉ် ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်မှာ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်အထိ ရောက်ရှိမှုမရှိသေးသဖြင့် မြန်မာအင်ဂျင်နီယာအဖွဲ့မှ ဆိုင်ကယ်သုံးစီးဖြင့် လိုက်လံရှာဖွေခဲ့ရာ မိုးမောက်မြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာတွင် ဦးသန့်ဇင်၊ ဒေါ်ရွှေဇင်ထွေး၊ မလင်းလက်ကြည်စင်သန့်နှင့် မောင်ဘုန်းပြည့်သန့်တို့ လေးဦးအား တွေ့ရှိရပြီး စက်ရုံသို့ ခေါ်ဆောင်လာခဲ့ရာ မောင်ဘုန်းပြည့်သန့်တွင် ကားမှန်များ ဝမ်းဗိုက်နှင့် လက်တို့တွင် စိုက်မှန်ဒဏ်ရာများဖြင့် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် သေဆုံးခဲ့ကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဦးသန့်ဇင်အား မေးမြန်းခဲ့ရာ ၎င်းတို့စီးနင်းမောင်းနှင်လာသည့် မော်တော်ယာဉ်သည် မိုးမောက်မြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာသို့အရောက်၌ ကေအိုင်အေအဖွဲ့က ၎င်းတို့ မောင်းနှင်လာသော မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဦးဝင်းထွန်းနိုင်က မော်တော်ယာဉ်ပေါ်မှဆင်း၍ "ကျွန်တော်တို့ ဝန်ထမ်းတွေပါ"ဟု ပြောသော်လည်း ဆက်လက် ပစ်ခတ်ခဲ့သဖြင့် ကားပေါ်မှဆင်း၍ ထွက်ပြေးခဲ့ရာ လူစုကွဲ၍ ဦးဝင်းထွန်းနိုင်နှင့် မမိုးပွင့်ဖြူစင်သန့်တို့နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း။

အဆိုပါနေရာတစ်ဝိုက်အား မတ် ၂၇ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ရှင်းလင်းဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့အရောက်၌ မော်တော်ယာဉ်အနီးတွင် ဦးဝင်းထွန်းနိုင်သည် ဝဲဘက်ညှပ်ရိုးမှ ယာဘက် လက်ပြင်ရိုးအထိ ပေါက်ထွက်ဒဏ်ရာနှင့် ဝဲတင်ပါးအောက်မိုင်းစထိမှန်ဒဏ်ရာဖြင့် လည်းကောင်း၊ မော်တော်ယာဉ်၏ အရှေ့ ပေ ၂၀ ခန့် အကွာတွင် မမိုးပွင့်ဖြူစင်သန့်သည် နောက်စေ့မှ နဖူးဖောက်ထွက်ဒဏ်ရာဖြင့် လည်းကောင်း သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း။


ဆက်လက်၍ စစ်ဆေးရှာဖွေမှုများပြုလုပ်ရာ ၎င်းတို့စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တွင် လက်နက်ငယ်ကျည်ထိမှန် ၁၀ ချက်ခန့်၊ မိုင်းစထိမှန် ၁၂ ချက်ခန့်၊ ရှေ့လေကာမှန်ကျည်ထိမှန် သုံးချက်၊ မော်တော်ယာဉ်၏ ရှေ့ လေးပေခန့်အကွာတွင် ရီမုမိုင်းဖောက်ခွဲထားရှိသည့်အနက် ခြောက်ပေခန့်ရှိ ကျင်းနှစ်ကျင်း၊ ရီမုမိုင်းထောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့ပြီး အဆိုပါနေရာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဝစ်ဂျ်နယ်ဒန် ထွက်ခွာခဲ့ရင် ဘယ်ကစားသမားကို လီဗာပူးအသင်း အစားထိုးခေါ်ယူမလဲ

လီဗာပူးအသင်းကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ဟာ လီဗာပူးအသင်းကို နှစ်ပေါင်း ၃၀ ကြာခဲ့ပြီးချိန်မှာ ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ်အဖြစ် ရယူပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲမှာ တစ်ဦး အပါအဝင်ဖြစ်ခဲ့တာကြောင့် လီဗာပူးအသင်းပရိသတ်တွေရဲ့ အသည်းစွဲကစားသမားစာရင်းမှာ ပါဝင်လို့နေတာ ဖြစ်ပါတယ်။

ဒါပေမယ့် ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ဟာ လီဗာပူးအသင်းနဲ့အတူ ငါးနှစ်တာ ဖြတ်သန်းခဲ့ပြီး ဖြစ်တာမို့ လီဗာပူးအသင်းကနေထွက်ခွာဖို့ တာစူနေပြီဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ဟာ လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းက အခုနှစ်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် လက်ရှိအချိန်အထိ အန်ဖီးလ်မှာ ဆက်ရှိနေဖို့အတွက် စာချုပ်သစ်ချုပ်ဆိုရေးနဲ့ပတ်သက်ပြီး သဘောတူညီထားခြင်းမရှိသေးတာဖြစ်ပြီး အခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ရေပန်းစားနေတာ ဖြစ်ပါတယ်။



အာရွန်ရမ်ဆေး

ဝစ်ဂျ်နယ်ဒန်ဟာ နယ်သာလန်နိုင်ငံလက်ရွေးစင်အသင်း နည်းပြဟောင်း ရိုနယ်လ်ကိုးမန်းနဲ့ လက်တွဲဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတာဖြစ်ပြီး နည်းပြ ရိုနယ်လ်ကိုးမန်းရဲ့ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ လီဗာပူးအသင်းကနေ ထွက်ခွာဖို့ ရှိနေတာဖြစ်ပါတယ်။

ဒါကြောင့် လီဗာပူးအသင်းက အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားဟောင်း အာရွန်ရမ်ဆေးကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတာဖြစ်ပြီး နည်းပြကလော့ကလည်း ဝစ်ဂျ်နယ်ဒန်နေရာမှာ အစားထိုးဖို့ အာရွန်ရမ်ဆေးကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ဝေးလ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးဟာ ၂၀၁၉ ခုနှစ်အတွင်းက အာဆင်နယ်အသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိမှာ ဂျူဗင်တပ်အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ရုန်းကန်နေရတာ ဖြစ်ပါတယ်။



ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၆၁ ပွဲအထိ ပါဝင်ကစားခဲ့ရာမှာ သွင်းဂိုးခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ခြောက်ဂိုးဖန်တီးပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အာရွန်ရမ်ဆေးဟာ ဂျူဗင်တပ်အသင်းဆီ ရောက်ရှိလာခဲ့တဲ့ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာ အီတလီစီးရီးအေ ၃၈ ပွဲမှာ ၁၁ ပွဲအထိ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အခုနှစ်ဘောလုံးရာသီမှာတော့ ဂျူဗင်တပ်အသင်း ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်တဲ့ အီတလီစီးရီးအေ ပွဲစဉ် ၂၈ ပွဲမှာ ၁၂ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိသေးတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန် အသင်းကနေ ထွက်ခွာခဲ့ရင် ဘရိုက်တန်ကွင်းလယ်ကစားသမား ဘစ်ဆူးမားကို ခေါ်ယူဖို့လည်း စီစဉ်နေပြီး ၂၀၁၈ ခုနှစ်အတွင်းက ဘရိုက်တန်အသင်းကို ရောက်ရှိလာခဲ့ပြီးနောက်ပိုင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဘစ်ဆူးမား

ဒါကြောင့် အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘစ်ဆူးမားကို ကလပ်အသင်းအများစုက ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပြီး အဲဒီအသင်းတွေနဲ့အပြိုင် လီဗာပူးအသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဘစ်ဆူးမားကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ပရီမီယာလိဂ်ကလပ်အသင်းတွေထဲမှာ လက်စတာစီးတီးအသင်းနဲ့ အာဆင်နယ်အသင်းတို့လည်း ပါဝင်နေပြီး ဘစ်ဆူးမားရဲ့ လက်ရှိ ဘရိုက်တန်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်တယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ဘစ်ဆူးမားဟာ နည်းပြ ဂရေဟမ်ပေါ့တာရဲ့ ဘရိုက်တန်အသင်းအတွက် မရှိမဖြစ် အရေးပါတဲ့ကစားသမားတစ်ဦးဖြစ်ပြီး အခုနှစ်ဘောလုံးရာသီ ဘရိုက်တန်အသင်းယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၇ ပွဲမှာ ၂၆ ပွဲအထိ ပွဲထွက်ကစားသမားစာရင်းမှာ ပါဝင်လာခဲ့တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဖေဖော်ဝါရီလအတွင်းက လီဗာပူးအသင်းကို ဘရိုက်တန်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း ဘရိုက်တန်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။



ဝစ်ဂျ်နယ်ဒန်

လီဗာပူးအသင်းက ဝစ်ဂျ်နယ်ဒန်ရဲ့ နေရာမှာ အစားထိုးခေါ်ယူဖို့ စီစဉ်နေတဲ့ ကွင်းလယ်ကစားသမား တစ်ဦးကတော့ ဟောက်ဆန်အော်ယာဖြစ်ပြီး ဟောက်ဆန်အော်ယာဟာ လက်ရှိကလပ် လိုင်ယွန်အသင်းကနေ ထွက်ခွာဖို့ရှိနေတာလည်းဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဟောက်ဆန်အော်ယာဟာ အခုနှစ်ဘောလုံးရာသီမှာ လိုင်ယွန်အသင်းနဲ့အတူ လေးဂိုးသွင်းယူပေးထားကာ ခြောက်ဂိုးဖန်တီးပေးထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းကလည်း ဟောက်ဆန်အော်ယာကို ခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။



ဖလော်ရီယန်နေဟူးစ်

အဲဒီလို ကလပ်အသင်းအများစုက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် လီဗာပူးအသင်းအတွက် ကွင်းလယ်ကစားသမား ဟောက်ဆန်အော်ယာကို ခေါ်ယူဖို့ အခက်ကြုံနေပြီး လိုင်ယွန်အသင်းကလည်း ဟောက်ဆန်အော်ယာရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၆၅ သန်းအထိ သတ်မှတ်ထားတာ ဖြစ်ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းဟာ ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်လ်ဒန်ကို ဆုံးရှုံးရဖို့ နီးစပ်နေပြီဖြစ်တာမို့ အစားထိုးကွင်းလယ်ကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူရဖို့လည်း ရှိနေတာဖြစ်ပါတယ်။ လက်ရှိမှာ လီဗာပူးအသင်းဟာ မိုချန်ဂလာဘတ်ချ် အသင်းကွင်းလယ်ကစားသမား ဖလော်ရီယန်နေဟူးစ်ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး မန်စီးတီးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ဂျူဗင်တပ်အသင်းအပါအဝင် ဥရောပကလပ်အသင်းအများစုက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖလော်ရီယန်နေဟူးစ်ကို မိုချန်ဂလာဘတ်ချ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၂၃ သန်း သတ်မှတ်ထားတာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဖလော်ရီယန်နေဟူးစ်ဟာ အခုနှစ် ဘောလုံးရာသီအတွင်းမှာ မိုချန်ဂလာဘတ်ချ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ခုနစ်ဂိုး သွင်းယူပေး ထားပြီး ခုနစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဖလော်ရီယန်နေဟူးစ်ဟာ အောက်တိုဘာလအတွင်းက ဂျာမနီလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး အခုနှစ် နွေရာသီ ကာလအတွင်းမှာ ကျင်းပမယ့် ယူရိုပြိုင်ပွဲမှာလည်း ဂျာမနီလက်ရွေးစင်အသင်းနဲ့အတူ ပါဝင်လာဖို့ ရှိနေတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လက်ရှိအချိန်မှာ ဝစ်ဂျ်နယ်ဒန်ရဲ့ နေရာမှာ အရန်သင့်အစားထိုးနိုင်ဖို့ ကွင်းလယ်ကစားသမားအများစုကို ပစ်မှတ်နေပြီး ဘယ်ကစားသမားကို ခေါ်ယူနိုင်မလဲဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## တိုက်စစ်မှူး လူကာကူ အင်တာမီလန်အသင်း၌သာ ဆက်ရှိနေမည်ဟုဆို

ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူဟာ အခြားကလပ်အသင်းတွေဆီ ပြောင်းရွှေ့ကစားမှာမဟုတ်ဘဲ လက်ရှိကလပ် အင်တာမီလန်အသင်းမှာသာ ဆက်ရှိနေမှာဖြစ်တယ်လို့ နည်းပြအန်တိုနီယို ကွန်တီက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး လူကာကူနဲ့ နည်းပြ ကွန်တီတို့ရဲ့ ဆက်ဆံရေးဟာ ကောင်းမွန်နေတာကြောင့် အင်တာမီလန်အသင်းမှာ ဆက်ရှိနေမှာဖြစ်တယ်လို့ နည်းပြကွန်တီက အခိုင်အမာပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး လူကာကူဟာ အခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာကြောင့် ဥရောပထိပ်တန်းကလပ်အသင်းတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်း၊ မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး လူကာကူရဲ့ အင်တာမီလန်အသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၄ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် အင်တာမီလန်အသင်းက တိုက်စစ်မှူး လူကာကူကို စာချုပ်သက်တမ်းတိုးဖို့ ပြင်ဆင်နေပြီး အခုနှစ်နောက်ပိုင်းမှာ လုပ်ခလစာလည်း တိုးမြှင့်ပေးဖို့ရှိနေတာဖြစ်ပါတယ်။

လက်ရှိမှာ ဥရောပကလပ်အသင်းတွေရဲ့ တိုက်စစ်မှူး လူကာကူကို ခေါ်ယူမယ့် ကမ်းလှမ်းလာမှုတွေကိုလည်း အင်တာမီလန်အသင်းက ငြင်းဆိုထားတယ်လို့ သိရပါတယ်။ တိုက်စစ်မှူး လူကာကူဟာ အခုနှစ်ဘောလုံးရာသီမှာ အီတလီစီးရီးအေသွင်းဂိုး ၁၉ ဂိုး၊ ချန်ပီယံလိဂ်သွင်းဂိုးလေးဂိုးနဲ့ ကိုပါ အီတာလီယာသွင်းဂိုး နှစ်ဂိုး အသီးသီး သွင်းယူပေးထားတာ ဖြစ်ပါတယ်။

နေ့စဉ် သတင်းမှန်၊ အမြင်မှန်၊ တကယ်အချက်အလက်မှန်များကို

မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း
Myanma Alinn Daily

ကြေးမုံ
Mirror Daily

THE GLOBAL NEW LIGHT OF MYANMAR

ဖတ်ရှုနိုင်ပါပြီ။



ဆက်သွယ် မှာယူနိုင်ပါသည်-

မြန်မာ့အလင်း 01 - 9544 317, 09 - 4480 422 14

ကြေးမုံ 01 - 8292 830, 09 - 4500 255 70

The Global New Light of Myanmar
01 - 8604 532, 09 - 9839 249 91

# ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၂ခုနှစ်၊ ဧပြီလ(၁)ရက် (ကြာသပတေးနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်


ကလေးနှာမည်ဆေး ဆရာကြီး
ရာဇာဇော်ဝင်း




ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းရီ
အထက်တန်းရှေ့နေ
## အသက် (၆၆)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငန်းချောင်းကျေးရွာနေ (ဦးဖိုးသန့်-ဒေါ်အေးကျန်) တို့၏သမီးထွေး၊ ဦးတင်မောင်-ဒေါ်မရီ၊ (ဦးချစ်အေး)-ဒေါ်မကြည်တို့၏ညီမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးစံအေး-ဒေါ်ကျင်သိန်း)တို့၏သမီးချွေးမ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာ့ဒီပရပ်ကွက်နေ ရဲမှူးသန်းစိုး(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမြတ်ဆွေဦး(လ/ထ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)-ဒေါ်နိုင်ဇာဇာစိုး (အထက်တန်းရှေ့နေ)၊ ဗိုလ်မှူးဇော်မင်းသန်း(ငြိမ်း) -ဒေါ်မြသန္တာစိုး (အထက်တန်းရှေ့နေ)၊ ဒုရဲအုပ်တင့်ထွန်းနိုင်(မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ချမ်းမြေ့အောင် (ဒုခရိုင်ဥပဒေအရာရှိ၊ မင်းဘူးခရိုင်ဥပဒေရုံး)၊ ဒုရဲအုပ်ဖြိုးမြတ်(ဦးစီး-၂ နရခ)၊ မောင်မင်းသိမ်းကျော် (IV.BE-Mach)တို့၏ မွေးသမိခင်၊ မသော်တာဆွေဇင်၊ မောင်လင်းသစ်မင်း၊ မောင်အောင်မြတ်ကျော်၊ မခင်မင်းမင်းသော်၊ မဖြူဖြူနှင်းထက်စံတို့၏ ချစ်လှစွာသောအဘွား ဒေါ်ဝင်းရီသည် ၂၈-၃-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရတနာ့ဒီပရပ်ကွက်၊ မဏိပူရလမ်း၊ အမှတ်(၁၆၇၇)မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၂၂(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးမြတ်ထွန်း
အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေဆံတော်ရပ်ကွက်၊ ရွှေဆံတော်(၂)လမ်း၊ အမှတ်(၂၆)နေ(ဦးကျင်သိန်း-ဒေါ်နှင်းရှင်)တို့၏သား၊ (ဒေါ်ခင်မေရီ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလင်းမင်းထွန်း-ဒေါ်နွေသအေး၊ ဦးချမ်းမြေ့ထွန်း-ဒေါ်ကြူကြူမြင့်ဖိုး၊ မမေသန့်ဇင်ထွန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၅-၃-၂၀၂၂(ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၂(သောကြာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် တွံတေးမြို့၊ အိုးဖိုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက်တွင် တွံတေးမြို့နယ်၊ ရွှေဆံတော်ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၂၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အသိ ပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စံသာ
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်နေ (ဦးဝိဒ်ရာချို)-ဒေါ်ပရေမား တို့၏ ချစ်လှစွာသော သမီးကြီး၊ ဒေါ်ပရေဘာ-ဦးနေလင်း၊ ဒေါ်မာလာ-ဦးမောင်မောင်(တိုကျိုဘာတူ စတိန်လက်စတီး)၊ ဦးရာဂျေ့ (Bosun Raffles Shipping)- ဒေါ်အဆိုးသဘား ဒေါ်ဘေဘီရာချို-ဦးဘီအာနန်၊ ဦးဇော်ဇော်အောင်-ဒေါ်နိုလုံဝေ (Jsm Shipping)၊ ဦးသန်းထိုက်ထွေး-ဒေါ်ဇာဇာထွေးတို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ် သည် ၂၈-၃-၂၀၂၂ (တနင်္လာနေ့) အိန္ဒိယစံတော်ချိန် ၇:၃၅ နာရီတွင် အိန္ဒိယနိုင်ငံ Chennai မြို့၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၉-၃-၂၀၂၂ (တနင်္လာနေ့) အိန္ဒိယစံတော်ချိန် ၁:၃၀ နာရီတွင် Chennai မြို့၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသော နေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊
(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊
(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊
(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊
(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊
(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ မိတ်ဆက် အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်ပြုလုပ်သည့် အစည်းအဝေးများ၌ ချမှတ်ခဲ့သည့် မူဝါဒများ၊ လမ်းညွှန်မှာကြားချက်များနှင့် ပတ်သက်၍လည်းကောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




# လီဝန်ဒိုစကီးရဲ့ သွင်းဂိုးနှစ်ဂိုးအပါအဝင် ပိုလန်က အန်ဒိုရာကို သုံးဂိုးပြတ်အနိုင်ရ

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် မတ် ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဥရောပဇုန်ခြေစစ်ပွဲ တစ်ပွဲဖြစ်တဲ့ ပိုလန် အသင်းနဲ့ အန်ဒိုရာအသင်းတို့ ပွဲစဉ်မှာ ပိုလန်အသင်းက တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ သွင်းဂိုးနှစ်ဂိုးအပါအဝင် အန်ဒိုရာ အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပိုလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၃၀ နဲ့ ၅၅ မိနစ်တို့မှာ လီဝန်ဒိုစကီးက နှစ်ဂိုးနဲ့ ပွဲကစားချိန် ၈၈ မိနစ်မှာ ဆွီဒါစကီးက တစ်ဂိုး အသီးသီးသွင်းယူ ပေးခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ နောက်ဆုံး ပါဝင်ကစားခဲ့တဲ့ ၁၀ ပွဲမှာ ၁၆ ဂိုးအထိသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီ ပွဲစဉ် ၄၂ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၄၇ ဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပိုလန်အသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် မတ် ၃၁ ရက်မှာ အင်္ဂလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အန်ဒိုရာအသင်းနဲ့ ပွဲစဉ်မှာ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရတာကြောင့် အင်္ဂလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ပွဲစဉ်မှာ ပိုလန်အသင်းနဲ့အတူ ပါဝင်လာဖို့မရှိဘဲ လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

အခြားသော ဥရောပဇုန်ရဲ့ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် တွေမှာ အီတလီက ဘူလ်ဂေးရီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ဆွစ်ဇာလန်က လစ်သူရေးနီးယားကို တစ်ဂိုး-ဂိုးမရှိ၊ ပြင်သစ်က ကာဇက်စတန် ကို နှစ်ဂိုး-ဂိုးမရှိ၊ ဒိန်းမတ်က မော်ဒိုဗာကို ရှစ်ဂိုး-ဂိုးမရှိ၊ ဩစတြီးယားက ဖာရိုးကျွန်းစုကို သုံးဂိုး-တစ်ဂိုး၊ အင်္ဂလန်က အယ်လ်ဘေးနီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ဟန်ဂေရီက ဆန်မာရီနိုကို သုံးဂိုး-ဂိုးမရှိ၊ အာမေးနီးယားက အိုက်စလန်ကို နှစ်ဂိုး-ဂိုးမရှိ၊ မြောက်မက်ဆီဒိုနီးယားက လီချန်စတိန်းကို ငါးဂိုး-ဂိုးမရှိ၊ ဂျာမနီ က ရိုမေးနီးယားကို တစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိခဲ့ပြီး ယူကရိန်းနဲ့ ဖင်လန်ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ၊ အစ္စရေးနဲ့ စကော့တလန်တို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေရလဒ် အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# ညောင်ဦးမြို့နယ် ဂျမ်းလှိုးကျေးရွာတွင် သောက်သုံးရေ အခက်အခဲမဖြစ်စေရေး ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

ညောင်ဦး မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု ဂျမ်းလှိုးကျေးရွာတွင် စက်ရေတွင်း ချို့ယွင်းပျက်စီးသွားသဖြင့် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲကြုံတွေ့နေရကြောင်း သိရ၍ ယနေ့နံနက် ၉ နာရီက ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး ထပ်မံ သွားရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ဂျမ်းလှိုးကျေးရွာသည် အိမ်ခြေ ၁၁၅ လုံးကျော်ရှိပြီး လူဦးရေ ၇၀၀ ကျော် နေထိုင်လျက်ရှိကာ ဒေသခံပြည်သူများမှာ သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားသုံးစွဲနေရကြောင်း သိရသည်။ ယခုအခါ သောက်သုံးရေအတွက် မှီခိုအားထားပြုနေရသည့် စက်ရေတွင်းမှာ ချို့ယွင်းပျက်စီး သွားသဖြင့် သောက်သုံးရေ အဆင်ပြေစေရေး လာရောက်လှူဒါန်းပေးရန် အကူအညီ တောင်းခံလာသဖြင့်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○

